**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့် ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

**အမှားအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်**


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၇၉)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ ဗိုလ်ချုပ်ကြီး ဒီရစ်ဘွန်ကန် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် Army Operations Center၊ Neighboring Countries Coordination Center(NCCC)ဌာနတာဝန်ခံ General Direk Bongkarn ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် Army Operations Center၊ Neighboring Countries Coordination Center(NCCC)ဌာန တာဝန်ခံ General Direk Bongkarn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁** ★

**ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးမှုကြောင့် အဆောက်အဦများပျက်စီးခဲ့မှု အခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာသိနိုင်းအစည်းအဝေးကျင်းပ**

စာ - ၁၁ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်)

# မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် လူတိုင်းကျန်းမာနေကြရမည်။ ကျန်းမာမှ မိမိတို့၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် ကျရာတာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံသားတိုင်းကျန်းမာရေးအတွက် ကျန်းမာရေးဆိုင်ရာအသိပညာဗဟုသုတများသိရှိနေရန်လိုအပ်သည်။ ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိမှာ နေ့စဉ်နှင့်အမျှ စဉ်ဆက်မပြတ်ရှိနေရမည်ဖြစ်ပြီး ကျန်းမာရေးအဆင့်အတန်းမြင့်မားနေရမည်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ပင်မဏ္ဍိုင်လုပ်ငန်းကြီးတစ်ရပ်ဖြစ်သော ကျန်းမာရေးသတင်းအချက်အလက်များကို ဖြန့်ဝေရာတွင် အရေးပါသောလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် "မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ"ကို နှစ်စဉ်ဇန်နဝါရီလတွင်ကျင်းပလာခဲ့သည်မှာ ယခုအခါ(၅၃)ကြိမ်သို့ ရောက်ရှိလာပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲအခမ်းအနားတွင် **"မိမိတို့ပြည်သူတွေ အခြေခံကျန်းမာရေးကောင်းမွန်ပြီး သက်ရှည်ကျန်းမာကြံ့ခိုင်ကြဖို့လိုအပ်ပါတယ်။ အဲဒီလိုနေထိုင်နိုင်ဖို့အတွက် အာဟာရပြည့်ဝပြီး ကျန်းမာရေးနဲ့ညီညွတ်တဲ့အစားအစာတွေကို ရွေးချယ်စားသုံးနိုင်ရေး၊ ကျန်းမာရေးနဲ့ညီညွတ်အောင်နေထိုင်ပြုမူရေးစတာတွေနဲ့ပတ်သက်တဲ့ လက်တွေ့အသုံးချကျန်းမာရေးသုတေသနတွေကို တိုးမြှင့်ဆောင်ရွက်ပြီးတွေ့ရှိချက်တွေကို ပြည်သူတွေသိရှိစေရေး ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်ပြီး အသိပညာပေးရမှာဖြစ်ပါတယ်"** ဟူ၍ ဂုဏ်ပြုမိန့်ခွန်း၌ထည့်သွင်းပြောကြားခဲ့သည်။

ကမ္ဘာကြီးတွင်နည်းပညာများတစ်ဟုန်ထိုးတိုးတက်လာခြင်းနှင့်အတူ လူသားတို့၏ကျန်းမာရေးတွင် ရောဂါဘယထူပြောမှုသည်လည်း စုံလင်လှသည်။ လူမှုဘဝနေထိုင်မှုနှင့်အစာအာဟာရစားသောက်မှုပုံစံများ ပြောင်းလဲလာသည်။ ထိုသို့ပြောင်းလဲလာခြင်းနှင့်အတူ ဆီးချို၊ သွေးတိုး အစရှိသည့် မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားမှုများပြားလာသည်။ အဆိုပါရောဂါများ ဖြစ်ပွားမှုတိုးတက်များပြားလာသဖြင့် ယင်းတို့၏အရေးကြီးပုံကို မီးမောင်းထိုးပြနိုင်ရန် (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ၏ဆောင်ပုဒ်အဖြစ် "ကျန်းမာသောဘဝပိုင်ဆိုင်ဖို့ ကျန်းမာရေးပြဿနာများ စဉ်ဆက်မပြတ်ဖော်ထုတ်ဖြေရှင်းကြပါစို့"ဟူ၍ ရွေးချယ်သတ်မှတ်ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုဦးဆောင်လျက်ရှိစဉ် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍပေါင်းစုံတွင် အရှိန်အဟုန်မြင့်မားစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များချမှတ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ "တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး"ကိုလည်း ဦးတည်ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို အကောင်းဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာနသာမက ကာကွယ်ရေးဝန်ကြီးဌာနရှိ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များကလည်း သွားလာရေးခက်ခဲလှသည့် နေရာဒေသများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူသားတို့၏အသက်ရှင်သန်ရပ်တည်မှုမြင့်မားစေရေး ရည်မှန်းချက်ဖြင့် ပြည်သူလူထုကျန်းမာရေးကို အထူးဂရုပြုဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် ယခုကဲ့သို့ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံများကိုလည်း နှစ်စဉ်ကျင်းပကာ ကျန်းမာရေးကဏ္ဍမြင့်မားရေးကို အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာန၏ မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆေးသုတေသနဦးစီးဌာနက နှစ်စဉ်တာဝန်ယူလျက် စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွင် သုတေသနစာတမ်း ၅၄ စောင်တင်သွင်းဖတ်ကြားမည်ဖြစ်ပြီး သုတေသနပိုစတာ ၄၃ စောင်တို့ကိုပြသမည်ဖြစ်သည်။ သုတေသနစာတမ်းဆိုသည့်အတိုင်း ပညာရှင်များအနေဖြင့် လက်တွေ့ကွင်းဆင်းသုတေသနပြုလုပ်ပြီးမှသာ ရေးသားတင်ပြခြင်းဖြစ်သည့်အတွက် ပညာလိုလားသူများ၊ ကျန်းမာရေးအသိအမြင်တိုးပွားလိုသူများအတွက် အကောင်းဆုံးသော ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကြီးဖြစ်သည်။ ညီလာခံကျင်းပစဉ်ရက်များအတွင်း ဆေးဝါးကုမ္ပဏီများ၊ ဓာတ်ခွဲခန်းကိရိယာဓာတုပစ္စည်းတင်သွင်းသည့်ကုမ္ပဏီများကလည်း ဆေးနှင့်ဆေးကိရိယာများကို ပြခန်းများဖြင့် စုံလင်စွာခင်းကျင်းပြသမည်ဖြစ်ရာ ကျန်းမာရေးကဏ္ဍမြင့်မားရေးကို များစွာအထောက်အကူပြုမည့်ညီလာခံဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# နတ်မောက်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

နတ်မောက် ဇန်နဝါရီ ၂၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို လူထုအခြေပြု ဗဟိုဌာနစုပေါင်းခန်းမ၌ ဇန်နဝါရီလ ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းဝေက ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာဗဟုသုတများတိုးပွားစေရန်၊ ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးစေရန် စာဖတ်စွမ်းရည်တိုးတက်စေရန်၊ နှုတ်မှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိမိရုံးရှိ ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့ကြိုက်နှစ်သက်သည့် ခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်သည်။

အဆိုပါပြိုင်ပွဲသို့ အခြေခံပညာအလယ်တန်းကျောင်း(တမာပင်)ကျောင်းများမှ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ တက်ရောက်ကြောင်း သိရသည်။

လှဝင်း

**သဇင် (FM) အသံလွှင့်အစီအစဉ်** ၂၂-၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချား ဖြစ်ရပ်များ

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဘရူနိုင်းဒါရူဆလမ်နိုင်ငံသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထွက်ခွာ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂)ဖြစ်သူ ဒါတိုဆရီဆတီယာဟာဂျီ အယ်ရီဝမ်ဘင်ပီဟင်ယူဆွတ်၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်းသိရသည်။

(သတင်းစဉ်)

# မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ တရုတ်နိုင်ငံသို့တင်ပို့ရာတွင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ပို့ကုန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် လိုက်နာရမည့်အချက်များအား အသိပညာမျှဝေ





**နေပြည်တော် ဇန်နဝါရီ ၂၁**

မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ တရုတ်နိုင်ငံသို့တင်ပို့ရာတွင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ပို့ကုန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် လိုက်နာရမည့်အချက်များအား အသိပညာမျှဝေခြင်း ဆွေးနွေးပွဲအစီအစဉ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးတို့မှ တာဝန်ရှိသူများ၊ တရုတ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ၊ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တရုတ်နိုင်ငံ GACC မှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ ပိုမိုထုတ်လုပ်လာသည်နှင့်အမျှ ပြည်တွင်းစားသုံးမှုပိုလျှံသည်များကို ပြည်ပဈေးကွက်သို့တင်ပို့ရောင်းချရကြောင်း၊ ယခုအသိပညာမျှဝေခြင်းအစီအစဉ်၌ မြန်မာ့လယ်ယာထွက်ကုန်များ တရုတ်နိုင်ငံသို့ တင်ပို့သည့် လုပ်ငန်းစဉ်များ၊ လိုအပ်သောစာရွက်စာတမ်းများ၊ စံနှုန်းလိုက်နာမှုအပါအဝင် တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံကြား ဈေးကွက်ထိုးဖောက်မှုမဟာဗျူဟာများကို သိရှိနားလည်စေမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား စီးပွားရေးကဏ္ဍအတွက် အတားအဆီးများနှင့် အခက်အခဲများ လျော့နည်းလာစေရန် တင်ပို့မှုဆိုင်ရာ လမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးနိုင်ကြမည်ဖြစ်ကြောင်း၊ အလားတူ ကုန်သွယ်မှုလုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်စေပြီး မြန်မာနှင့် တရုတ်ကုန်သည်များအကြား အသိပညာနှင့် အတားအဆီးနည်းသောကုန်သွယ်မှုအလေ့အကျင့်များကို မျှဝေခြင်းဖြင့် ဆက်ဆံရေးပိုမိုခိုင်မာလာစေမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၏နေပြည်တော်ရုံးခွဲကိုယ်စားလှယ်က အမှာစကားပြောကြားပြီး စီမံကိန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်လျက်ရှိသည့် အဓိကလုပ်ငန်းများ၊ ဖြစ်ပေါ်တိုးတက်မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

# မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၂၁**

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ကြီးကြပ်မှုဗဟိုကော်မတီဝင်များဖြစ်ကြသည့် နေပြည်တော် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များတက်ရောက်ကြပြီး ကြီးကြပ်မှုဗဟိုကော်မတီဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဝန်ကြီးချုပ်များနှင့် ကော်မတီဝင်ကိုယ်စားလှယ်များက ဗီဒီယိုကွန်ဖရင့်ဖြင့်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီများက အသက် ၁၈ နှစ်အထက် လူဦးရေစာရင်းများကို အဆင့်ဆင့်စိစစ်အတည်ပြုပေးပို့လျက်ရှိရာ ယင်းစာရင်းများကို ဗဟိုကော်မတီမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့တင်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ စိစစ်အတည်ပြုပေးပို့လျက်ရှိကြောင်း၊ ယခုအခါ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ရှေ့ပြေးလူဦးရေစာရင်းကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းမှရရှိသည့် လူဦးရေကိန်းဂဏန်းအချက်အလက်များနှင့် မြေပြင်ကွင်းဆင်းကောက်ယူရာမှ ရရှိသည့် စာရင်းအချက်အလက်များကို မြို့နယ်အဆင့်မှစ၍ အခြေခံကျကျတိုက်ဆိုင်စိစစ်ကာ မဲစာရင်းမှန်ကန်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ပြင် အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရာဒေသအလိုက် ရွှေ့ပြောင်းသွားလာနေထိုင်မှုများရှိသည့်အတွက် ယင်းတို့၏ အမည်စာရင်းများကို မဲစာရင်းတွင်ပါရှိရေးနှင့် မဲစာရင်းမထပ်စေရေးတို့အတွက် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်မှုကော်မတီအဆင့်ဆင့်မှ အချင်းချင်းအပြန်အလှန်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကြီးကြပ်မှုကော်မတီများက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် ရှိမည့် အသက် ၁၈ နှစ်အထက် လူဦးရေစာရင်းများကို အဆင့်ဆင့်စိစစ်အတည်ပြုပေးပို့သည့်စာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဗဟိုမဲဆန္ဒရှင်စာရင်းစီမံခန့်ခွဲမှုစနစ် (CVLMS)သို့ထည့်သွင်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပြန်အလှန်စိစစ်လျက်ရှိရာ အချက်အလက်ကွဲလွဲမှုနှင့်မပြည့်စုံမှု၊ အချက်အလက်ထပ်နေမှုနှင့် မပါရှိမှုစသည့်ကွဲလွဲမှုများ မဖြစ်ပေါ်စေရေးအတွက် အဆင့်ဆင့်စနစ်တကျစိစစ်အတည်ပြု၍ သတ်မှတ်ရက်အရောက် ပြုစုပေးပို့ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ ကော်မတီဝင်ကိုယ်စားလှယ်များက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် အတည်ပြုလူဦးရေစာရင်းများ အချိန်မီပေးပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများက လုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် ဌာနအလိုက် ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတရွေးကောက်ပွဲ လေ့လာရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကိုယ်စားလှယ်အဖွဲ့ထွက်ခွာ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတရွေးကောက်ပွဲကိုလေ့လာရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းနှင့် ဦးမြင့်သိန်းတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

( သတင်းစဉ် )

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

## ကျောင်းသားကြီးများ၏လက်ချာ

ကျွန်ုပ်မှာ ကျောင်းသက်တစ်လျှောက်လုံးတွင် (ကိုထွန်းလှတစ်ယောက်မှတစ်ပါး) ခင်မင်ရင်းနှီးသူ မရှိခဲ့ဖူးသဖြင့် ရှစ်တန်းသို့ရောက်ခါမှ သုံးယောက်ပူး တစ်ပြိုင်နက်ရရှိခြင်းအတွက် ပီတိဖြစ်ရပုံကို မဖော်ပြဘဲမနေနိုင်အောင် ရှိပါတော့သည်။ ကျွန်ုပ်တို့ လေးယောက်အနက် ကိုဖေဆိုသူမှာ ကျွန်ုပ်ထက် လေးနှစ်ခန့်ကြီး၍ ကျန်နှစ်ယောက်မှာ ကျွန်ုပ်နှင့်ရွယ်တူများ ဖြစ်ကြ၏။ စင်စစ်အားဖြင့် ကိုဖေသည် ခေါင်းသူကြီး ဖြစ်ထိုက်သော်လည်း သုံးယောက်စလုံးသည် ကျွန်ုပ်အား အချစ်ဆုံးဖြစ်၍ ကျွန်ုပ်၏အဆုံးအဖြတ်ကို နာယူကြသည်။ ကျွန်ုပ်ကား ကိုထွန်းလှကဲ့သို့ သဘာဝခေါင်းဆောင်တစ်ယောက် (Born Leader) မဟုတ်ပါဘဲလျက် မေတ္တာအလျောက် တင်မြှောက်ကြခြင်း ဖြစ်ရာ ကျွန်ုပ်ကမူ အထိုက်အလျောက် ပါးရည်နပ်ရည်ရှိသည်နှင့် ကိုဖေ၏အလိုကိုကြည့်၍ အဆုံးအဖြတ်ပေးတတ်လေသည်။ ရွယ်တူနှစ်ယောက်အနက် တစ်ယောက်မှာ စက်ရှင်တရားသူကြီး ဦးရီဖြစ်လာ၍ တခြားတစ်ယောက်မှာ တရုတ်ကပြားကလေး စက်ခွေဆိုသူဖြစ်၏။ ကျွန်ုပ်တို့လေးယောက်သည် ကျောင်းမတက်မီ နာရီဝက်ခန့်စောစောရောက်၍ 'အစည်းအဝေး' ထိုင်ခြင်း၊ နေ့လယ်အားလပ်ချိန် တစ်နာရီအနက် နာရီဝက်ခန့် သစ်ပင်ရိပ်အောက်တွင် အတူထိုင်ခြင်းဖြင့် မှန်မှန်ကြီးအချိန်ဖြုန်းကြ၏။ ယင်းအစည်းအဝေးများ၌ ကိုဖေသည် ရည်းစားထားခြင်းအလုပ်နှင့်ပတ်သက်၍ လက်တွေ့များလှသူတစ်ယောက်ဖြစ်သည့်အလျောက် အမြဲတမ်း 'လက်ချာ' ပေးလေ့ရှိရာ တစ်ခါတစ်ရံတွင် တခြားကျောင်းသားကလေးများလည်း ကြားနာကြ၍ တချို့ကျောင်းသားကြီးများကလည်း မိမိတို့၏အတွေ့အကြုံများကို စွက်ဖက်ပြောပြလေ့ရှိကြ၏။ လက်ချာဆရာများအနက် ကိုဘိုးဝိုက်ဆိုသူ၏ လက်ချာတစ်ပိုဒ်ကို ကျွန်ုပ်မှတ်မိပါသေးသည်။

## လူချော ကိုဘိုးဝိုက်

ကိုဘိုးဝိုက်ကား ကျောင်းသားဘဝမှစ၍ ယနေ့တိုင် ကျွန်ုပ်တွေ့ဖူးသမျှ၊ မြင်ဖူးသမျှသော ယောကျ်ားများ (ဇာတ်မင်းသားအပါအဝင်) အနက်တွင် အချောဆုံး အလှဆုံးလူတစ်ယောက်ဖြစ်၏။ သူနှင့်ယှဉ်နိုင်သူမှာ နာမည်ကြီးလှသည့် မန္တလေးမြို့သား 'ဘောင်ယာဆောင်ဒင်မောင်ကြီး'တစ်ယောက်သာ ရှိသည်ထင်၏။ ကိုမောင်ကြီး၏ချောခြင်းမှာ မျက်နှာထားချိုခြင်းနှင့် ဝတ်ပုံစားပုံ၊ ကိုယ်နေကိုယ်ဟန်၊ ဂိုက်ဆိုက်ကောင်းခြင်းတို့က အထောက်အကူပြုလျက်ရှိရာ မျက်နှာသက်သက်ကို ကြည့်မည်ဆိုပါမူကား ကိုဘိုးဝိုက်ကိုမီသောယောကျ်ားဟူ၍ ကျွန်ုပ်တစ်သက်လုံးမတွေ့ဖူးချေ။ အလွန်ကြည်လင်၍ အစဉ်ပြုံးလျက်ရှိသော မျက်လုံးများ၊ ထင်ရှား၍ ပြတ်သားသောမျက်ခုံး၊ ရှည်လျား၍ ကော့လန်လျက်ရှိသော မျက်တောင်မွေးများ၊ ကျယ်ပြန့်၍ညီညာသော မဟာနဖူး၊ ဖြောင့်စင်းသောနှာတံ၊ ဖြူစင်၍ ညီညာသောသွားများ၊ အစွန်းနှစ်ဖက်၌ အထက်သို့ ပျံ့တက်သည်ထင်ရသောပါးစပ်၊ ခပ်သွယ်သွယ်ရှိသော မျက်နှာ၏အဆုံး၌ မချွန်းလွန်း မပြားလွန်းဘဲ အနေတော်ရုံရှိသည့် မေးစေ့တို့ဖြင့် တစ်ချက်မြင်လိုက်ရလျှင် နောက်ထပ် မကြည့်ဘဲမနေနိုင်သည့် 'အလန့်တကြား'ချောလှသော မျက်နှာမျိုးရှိသူဖြစ်၏။ အထူးသဖြင့် မှတ်မိလောက်သော အခြင်းအရာသည်ကား သူ၏အသားပင်ဖြစ်၏။ မြန်မာလူမျိုးသည် အသားဖြူနှင့် အသားဝါတို့အနက် အသားဝါကို ပို၍နှစ်သက်တတ်ကြသည်ဖြစ်ရာ ကိုဘိုးဝိုက်၏အသားဝါပုံမှာ ဖျော့တော့သောဝါခြင်းမျိုးမဟုတ်။ ရဲရဲတင်းတင်းထိန်ထိန်လင်းလျက် ရွှေရောင်ဝင်းသည်ဟုထင်ရလောက်သော ဝါခြင်းမျိုးဖြစ်ရသည့်အထဲတွင် ညက်သော့ချောမွေ့လိုက်ပုံကလည်း မည်သူနှင့်မျှမတူဟု ကျွန်ုပ်ထင်မိသည်။ 'အကျွမ်းဝင်အဆင်ပြေ'ဟူသော မြန်မာစကား ရှိပေရာ ကျွန်ုပ်သည် ကိုဘိုးဝိုက်ကိုခင်မင်သောကြောင့် သူ၏ရုပ်အဆင်းကို အထင်ကြီးခြင်းမဟုတ်၊ သူနှင့်ကျွန်ုပ်မှာ တစ်တန်းတည်းဖြစ်ရဖူးခြင်းမှတစ်ပါး အရွယ်ချင်းလည်းကွာ၍ နေရပ်ချင်းလည်း မနီးသောကြောင့် နှစ်ကြိမ်သုံးကြိမ်မျှသာ ခေါ်ဖူးပြောဖူးပါသည်။ ဤမျှလောက် လှပချောမောသူတစ်ယောက်က ကျွန်ုပ်အား တစ်ခါတစ်ရံခေါ်ဖူးခြင်းအတွက်ပင် 'လူသစ်ကလေး'တစ်ယောက်ဖြစ်သော ကျွန်ုပ်အဖို့၌ ဝမ်းသာမိခြင်းကို မှတ်မိပါသေးသည်။

## မှတ်သားလောက်သော စုံစမ်းနည်း

ဘုရားရှိခိုးကျောင်း၏ တောင်ဘက်၌ရှိသော ကြို့ပင်အောက်၌ 'မြာလက်ချာ'ပေးကြသော ကျောင်းသားကြီးများအနက်တွင် ကိုဘိုးဝိုက်နှင့် ကိုဖေတို့သည် အပြောင်မြောက်ဆုံးသောဆရာကြီးများ ဖြစ်ကြသည်ဟု ကျွန်ုပ်မှတ်မိ၏။ ကိုဖေမှာ အထက်ချင်းတွင်းနယ် မင်းကင်းမြို့သားတစ်ယောက်ဖြစ်၍ နွေရာသီကျောင်း ၄၅ ရက်ပိတ်တိုင်း မိမိ၏ဌာနေသို့ ပြန်ရသူဖြစ်လေရာ တစ်နှစ်တစ်ခေါက်ပြန်တိုင်း ရည်းစားတစ်ယောက်ထားနိုင်သူဖြစ်သည်နှင့် သူ၏လက်ချာများသည် ဆင်ပြောင်းဆင်ကွဲဖြစ်၍ စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။ ကိုဘိုးဝိုက်မူကား မန္တလေးသားဖြစ်၍ ဌာနေပြန်ခါမှ တစ်နှစ်တစ်ယောက်မဟုတ်၊ ရုပ်ကလည်း အလွန်ချော၊ အပြောကလည်း အလွန်ကောင်း၊ သပ်သပ်ရပ်ရပ်နှင့် ဝတ်ကောင်းစားလှဝတ်တတ်သူလည်းဖြစ်သောကြောင့် (ကျွန်ုပ်၏ခန့်မှန်းခြေအရ) တစ်လတစ်ယောက်လောက် တွေ့နိုင်သူ ဖြစ်ဟန်တူပေသည်။ ကိုဘိုးဝိုက်၏ မှတ်သားဖွယ်သော လက်ချာများအနက် အထူးသဖြင့် မှတ်သားမိသော လက်ချာတစ်ခုမှာ ချက်ချင်းတွေ့ရသော မိန်းကလေးတစ်ယောက်သည် မိမိအပေါ်၌ စိတ်ဝင်စားမှုရှိ၊ မရှိကို အကဲခတ်သောနည်းအကြောင်းဖြစ်၏။(ဤအကြောင်းကိုမူ ကျွန်ုပ်မှတ်မိသလောက် သူ၏စကားအတိုင်း ဖော်ပြပါမည်။) 'မင်းတို့ ပွဲကြည့်တယ်ဆိုပါတော့ကွာ၊ ကိုယ့်နေရာမှာ ထိုင်လိုက်လျှင် ထိုင်လိုက်ချင်း ကိုယ့်ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်ရတယ်၊ ဘယ် 'မြာ'ဟာ နိပ်သလဲဆိုတာ ရှာကြည့်လိုက်၊ တော်တော်ကလေးကြာကြာ ထိုင်မိတဲ့အခါမှာ ကိုယ်သဘောကျတဲ့ 'မြာ'ဟာ ကိုယ်နဲ့ မျက်လုံးချင်းဆိုင်မိ၊ မဆိုင်မိကို အကဲခတ်နိုင်လိမ့်မယ်။ ကောင်းပြီ၊ ခဏခဏ တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ကြလို့ မျက်လုံးချင်း တိုက်ဆိုင်မိတယ်ဆိုပါတော့၊ တစ်ထစ်တက်ပြီး စမ်းကြည့်လိုက်ဦး၊ စမ်းပုံကတော့ ဒီလိုကွ၊ မင်းထိုင်တဲ့နေရာနဲ့ 'မြာ' ထိုင်တဲ့နေရာနဲ့ တည့်တည့်ကြီးဖြစ်နေလို့ တစ်ယောက်နဲ့တစ်ယောက် မြင်နိုင်ရာကနေပြီး မင်းတို့က နည်းနည်းကလေးရွှေ့ထိုင်လိုက်ရမယ်၊ ဒီအခါမှာ မျက်လုံးချင်းမတိုက်ဆိုင်နိုင်ဘဲ နည်းနည်းကွယ်သွားတယ်ဆိုပါတော့၊ 'မြာ'က မင်းကို စိတ်ဝင်စားရိုးမှန်ရင် သူကိုယ်တိုင်က နေရာရွှေ့ပြီး မြင်နိုင်လောက်တဲ့နေရာမှာ ပြင်ထိုင်လိမ့်မယ်၊ ဒီလို တစ်ခါနှစ်ခါပြင်ထိုင်တယ်ဆိုရင်တော့ သေချာပေါက်ပဲ၊ သူ့နောက်ကလိုက်၊ သူ့အရပ်တို့၊ နေအိမ်တို့ စုံစမ်းပြီး အဆက်သာရှာပေတော့၊ သူ့ကိုယ်၌က အဆက်လုပ်ပေးတာမျိုးတောင် ကြုံရတတ်တယ်' ဟု ပြောပြလေသည်။ ကိုဘိုးဝိုက်မှာ 'အလန့်တကြား' ချောသူဖြစ်၍ လူပုံထဲတွင် ထင်းထင်းကြီးပေါ်နေမည့် လူတစ်ယောက်ဖြစ်သောကြောင့် တခြားလူများအဖို့ တစ်သက်တစ်ခါကြုံရမည်ဖြစ်သော်လည်း သူ့အဖို့မှာ ပွဲတိုင်းစွံလောက်သည်ဟု ထင်မိဖူးပါသည်။

## ဘော်ဒါ အလုပ်သမားများ

ရှစ်တန်း၌ရှိစဉ် ကျွန်ုပ်၌ အကျင့်ဆိုးများ ကပ်ရောက်လာခြင်းကို ဖော်ပြရပေဦးမည်။ ဖခင်၏အလုပ်မှာ အတော်တိုးတက်လာ၍ ဖိနပ်ချုပ်အလုပ်သမားပေါင်း လေးငါးဆယ်ဖြစ်လာလေရာ များသောအားဖြင့် ကိုယ့်အိမ်မှာကိုယ်ချုပ်လုပ်ပြီး လာပို့ကြသော်လည်း တစ်ကျိပ်ခန့်တို့မှာမူ ကျွန်ုပ်တို့၏အိမ်၌ ချုပ်လုပ်ကြလေသည်။ ၎င်းတို့အနက်တွင် 'ဖဝါးထိုး' သော မိန်းမအလုပ်သမားများလည်းရှိကြ၍ ၎င်းတို့အချင်းချင်း ချစ်ကြိုက်ပြီး အိမ်ထောင်ကျသူတို့လည်း မနည်းလှပေ။ အလုပ်လုပ်ရုံသာမက ချက်ပြုတ်စားသောက်ပြီး အိမ်၌အိပ်ကြသော ယောကျ်ား၊ မိန်းမများပင် လေးငါးယောက်ရှိတတ်သေး၏။ လူပျိုအလုပ်သမားနှစ်ယောက်လောက်မှာမူ ကျွန်ုပ်တို့အိမ်၌ ဘော်ဒါနေကြ၍ လခလေးကျပ်မျှနှင့် ထမင်းကျွေးရခြင်းကိုလည်း မှတ်မိပါသေးသည်။ ထမင်းလခ လေးကျပ်ဟူသည်မှာ ဤခေတ်တွင် လက်ဖက်ရည်ကြမ်းဖိုးပင် မရှိသောကြောင့် အံ့ဖွယ်ရာတစ်ခု ဖြစ်နေပေလိမ့်မည်။ အလုပ်သမားတစ်ယောက်လျှင် ၁၀ ကျပ်၊ ၁၂ ကျပ်မျှသာ နေ့တွက်ကိုက်ကြ၍ ၁၅ ကျပ်ရသော အလုပ်သမားသည် လူချွန်တစ်ယောက်ဖြစ်လာရသော ခေတ်ဖြစ်၏။ မည်သို့ပင်ဖြစ်စေ လေးကျပ်ဟူသော ထမင်းဖိုးသည် (ကျွန်ုပ်တို့စားသလို ကျွေးရခြင်းဖြစ်သောကြောင့်) နည်းလွန်းလှသော်လည်း ၎င်းတို့၏ လုပ်အားအပေါ်မှရသောအမြတ်ကြောင့် ကျွေးနိုင်ခြင်းဖြစ်ဟန်တူပေသည်။ **ဆက်လက်ဖော်ပြပါမည်။**



# ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ



ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီလ ၂၁ ရက်တွင် မြတ်ပညာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းသား၊ ကျောင်းသူများက မင်္ဂလာပါသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးခဲ့ပြီး ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးဖြူဇင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပြိုင်ပွဲများကို အားထုတ်ကြိုးစားယှဉ်ပြိုင်ကြစေရန်၊ ပြိုင်ပွဲကျင်းပရခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ အနိုင်အရှုံးသည် အဓိကမဟုတ်၊ ယှဉ်ပြိုင်ခြင်းသည်သာ အဓိကဖြစ်ကြောင်း စသည်ဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းသား၊ ကျောင်းသူများက Myanmar School သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

အခမ်းအနားသို့ ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးဖြူဇင်၊ ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **ရဲလေး(ပြန်/ဆက်)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# သတင်းမီဒီယာများတွင် အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးအားမြှောက်ပြုသည့် သတင်းများ၊ ပြည်သူများ အထိတ်တလန့်ဖြစ်စေသည့် သတင်းများ၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေမည့်သတင်းများကို ရေးသားဖော်ပြခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အရေးယူဆောင်ရွက်မည်ဟု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပြောကြား

ရန်ကုန် ဇန်နဝါရီ ၂၁

သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အမှာစကားပြောကြားသည်။



အစည်းအဝေးသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူးများ၊ ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့အစည်းအဝေးသည် စတုတ္ထအကြိမ် ရွေးချယ်ခံရသည့်မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ပထမဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အားပြည့်အင်ပြည့်ဖြင့် ထမ်းဆောင်နိုင်ပါစေဟု ဆုတောင်းပါကြောင်း၊ ကောင်စီဝင်များသည် အသက်အရွယ်နှင့်အတွေ့အကြုံအရ ရင့်ကျက်ပြီးသူများဖြစ်သဖြင့် သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ခေတ်တွင် သတင်းမီဒီယာသည် လွန်စွာအရေးကြီးသည်ကို တက်ရောက်လာကြသူများက ပိုမိုနားလည်တတ်ကျွမ်းသူများဖြစ်သဖြင့် အကျယ်တဝင့်ရှင်းလင်းပြောကြားရန်မလိုအပ်ဟု ယူဆမိပါကြောင်းနှင့် သတင်းမီဒီယာများ၏လွှမ်းမိုးမှုသည် မိမိတို့၏နေ့စဉ်ဘဝများကို လွန်စွာအကျိုးသက်ရောက်မှုရှိပါကြောင်း။

ယခုအခါ စာပေထုတ်ဝေမှုလုပ်ငန်းများတွင် ညစ်ညမ်းစာပေများကို ထုတ်ဝေဖြန့်ချိမှုများ တွေ့ရှိနေရသည့်အတွက် သက်ဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေရပါကြောင်း၊ ယင်းစာအုပ်များသည် လူငယ်များ၏စဉ်းစားတွေးခေါ်မှုနှင့် ခံစားနားလည်မှုများကို လွဲမှားစေနိုင်သည့် ဟီရိဩတ္တပ္ပမရှိသော စာအုပ်စာစောင်များဖြစ်သဖြင့် ထိုကဲ့သို့ အရေးယူဆောင်ရွက်ခြင်းသည် နိုင်ငံနှင့်လူမျိုးအတွက် စာပေအဆိပ်သင့်မှုကို ကာကွယ်တားဆီးခြင်းဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ အလားတူ တေးသီချင်းဗီဒီယိုထုတ်လွှင့်မှုများတွင်လည်း ညစ်ညမ်းမှုများပါဝင်နေသဖြင့် လိုအပ်သလို အရေးယူထိန်းကျောင်းဆောင်ရွက်နေပါကြောင်း။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် မိမိ၏လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာလုပ်ဆောင်နိုင်ကြပါကြောင်း၊ အထူးသဖြင့် ယနေ့ဖြစ်ပေါ်နေသော အကြမ်းဖက်သမားများ၏လုပ်ဆောင်မှုများအပေါ် ဝိုင်းဝန်းဆန့်ကျင်ပေးရန်နှင့်ပြည်သူများ မှန်ကန်စွာရပ်တည်ဆောင်ရွက်နိုင်ရေး မီဒီယာနည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ မဟုတ်မမှန်သတင်းများအပေါ်အခြေခံ၍ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် ထိခိုက်စေနိုင်သည့် ရေးသားဖော်ပြမှုများကို ရှောင်ကြဉ်ကာ ဆင်ခြင်တုံတရားဖြင့် အပြုသဘောရေးသားဖော်ပြပေးကြရန် တိုက်တွန်းလိုပါကြောင်း။

သတင်းမီဒီယာများအနေဖြင့် အကြမ်းဖက်သမားများကို အားပေးအားမြှောက်ပြုသည့်သတင်းများ၊ ပြည်သူများ အထိတ်တလန့်ဖြစ်စေသည့်သတင်းများ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့်သတင်းများကို ရေးသားဖော်ပြခြင်းမပြုရန်နှင့်လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ကို ကျယ်ပြန့်စွာအသိပေးထားရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ ရေးသားဖော်ပြခြင်းမပြုရန်လည်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် ဝိုင်းဝန်းကြပ်မတ်ပူးပေါင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ထားသည့် စည်းကမ်းမလိုက်နာဘဲ ပုံနှိပ်ထုတ်ဝေနေသည့် ပုံနှိပ်သူ/ထုတ်ဝေသူများအား ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ အမှတ်(၁၈-A)၌ စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်ခန်းမ၌ Myanmar Land & Development Ltd; Project Director ဒေါ်ယုယုနိုင်က စာဆိုဗိမာန်အဆောက်အအုံ ရာခိုင်နှုန်းအလိုက် တည်ဆောက်ပြီးစီးနေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်ကိုခံ့ညားထည်ဝါပြီး ခေတ်မီအဆောက်အအုံဖြစ်ရန် လိုအပ်ကြောင်းနှင့် ဆောက်လုပ်ပြီးစီးပါက အဆောက်အအုံအတွင်းပြသမည့်ပစ္စည်းများ စနစ်တကျရှိစေရေးတို့ကို မှာကြားကာ စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(ဖြ၀၀)

# ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာဘက်နှင့် CITIC ဘက်မှ နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၁

ကျောက်ဖြူအထူးစီးပွားရေးဇုန်ရေနက်ဆိပ်ကမ်းစီမံကိန်းအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာဘက်နှင့် CITIC ဘက်မှ နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့် အချက်များ (Conditions Precedent)နှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် တရုတ်နိုင်ငံ CITIC Group ဖြစ်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်ရေနက်ဆိပ်ကမ်းကုမ္ပဏီလီမိတက်တို့အကြား လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement)ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၅ ရက်တွင် ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါ Concession Agreement ၏ နောက်ဆက်တွဲစာချုပ် (Addendum) ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး Long Stop Date ကို ၁၈ လကာလ သက်တမ်းတိုးပေးခဲ့ကြောင်း။

Long Stop Date သက်တမ်းတိုးမြှင့်ထားသည့် ကာလမှာ ၂၀၂၅ ခုနှစ် ဇွန်လ ၂၆ ရက်တွင် ပြည့်မြောက်မည်ဖြစ်ပြီး အဆိုပါ သက်တမ်းမပြည့်မြောက်မီ ၂ လအလို ဖြစ်သည့် ၂၀၂၅ ခုနှစ် ဧပြီလ ၂၆ ရက် မတိုင်မီ လုပ်ငန်းများပြီးပြတ်အောင် ဆောင်ရွက်နိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည့်အတွက် သတ်မှတ်ရက်မရောက်မီ လုပ်ငန်းများပြီးစီးအောင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ယနေ့အစည်းအဝေးကိုကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးထွန်းအုံက ကျောက်ဖြူအထူးစီးပွားရေးဇုန်ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် အစုရှယ်ယာရှင်များနှင့် သက်ဆိုင်သောသဘောတူစာချုပ်(Shareholders' Agreement)တွင် ဖော်ပြထားသည့်အတိုင်း မြန်မာ-တရုတ် နှစ်ဖက်အနေဖြင့် စီမံကိန်းမစတင်မီ ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ရမည့် စာချုပ်ပါ အချက် ၁၆ ချက်အနက် မြန်မာဘက်က ဆောင်ရွက်ရမည့်အချက် ၁၀ ချက်၊ မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက်ရမည့်အချက် ၄ ချက် စသည့်လုပ်ငန်းတာဝန်များကို သတ်မှတ်ကာလအတိုင်း ပြီးမြောက်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သက်တမ်းတိုးမြှင့်ထားသည့်ကာလသည် ၂၀၂၅ ခုနှစ် ဇွန်လ ၂၅ ရက်မတိုင်မီ သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်ရမည့် လုပ်ငန်းများကို Timeline ချမှတ်၍ ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့် အချက်များ (Conditions Precedent)နှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အသေးစိတ်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အမျိုးသားကင်ဆာရောဂါကုသရေးဌာနတွင် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်များစတင်အသုံးပြုခြင်း အခမ်းအနားကျင်းပ



ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ တည်ဆောက်လျက်ရှိသည့် အမျိုးသားကင်ဆာရောဂါကုသရေးဌာနတွင် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်များ (Linear Accelerators – LA) စတင်အသုံးပြုခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အငြိမ်းစားကျန်းမာရေးဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ အငြိမ်းစားဆေးပညာရှင်ကြီးများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်ခန်း(၁) ဖြစ်သည့် Radixact စက်ခန်း၊ စက်ခန်း(၂) ဖြစ်သည့် Halcyon စက်ခန်း၊ CT Simulator စက်ခန်း၊ စက်ခန်း(၃)ဖြစ်သည့် Vital Beam စက်များ၏ စက်ခန်းများရှေ့၌ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက စက်လည်ပတ်ပုံနှင့် အသုံးပြုပုံကို ရှင်းလင်းပြသသည်။

Radixact စက် အမျိုးအစားသည် ဦးနှောက်နှင့်ကျောရိုးကင်ဆာများ၊ ကလေးကင်ဆာရောဂါများ၊ အရွယ်အစားကြီးမားသည့်ကင်ဆာများကို ကုသချိန်မြန်ဆန်စွာဖြင့် ကုသနိုင်ခြင်း၊ Halcyon စက်အမျိုးအစားသည် ကင်ဆာအမျိုးအစားမျိုးစုံကို ကုသချိန်မြန်ဆန်စွာဖြင့်လူနာများစွာကိုကုသနိုင်ခြင်း၊ Vital beam စက်သည် ရောင်ခြည်စွမ်းအားမျိုးစုံ၊ ပြင်းအားမျိုးစုံ ပါဝင်သောကြောင့် လိုအပ်သလို ပြောင်းလဲအသုံးပြုနိုင်ပြီး အရေပြားကင်ဆာအပါအဝင် ကင်ဆာမျိုးစုံကို ကုသနိုင်မည်ဖြစ်သည်။ ထို့နောက် တက်ရောက်လာကြသူများသည် စက်ခန်းများနှင့် အထောက်အကူပြုစက်တို့ကို လှည့်လည်ကြည့်ရှုကြပြီး လူနာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ အမျိုးသားကင်ဆာရောဂါကုသရေးဌာန (၅)ထပ်ဆောင်အစည်းအဝေးခန်းမ၌ အခမ်းအနားဒုတိယပိုင်းကိုကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ခေတ်ကမ္ဘာမှာ မကူးစက်နိုင်သော ရောဂါများ ဖြစ်ပွားမှုများလာပြီး ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်း တိုးတက်များပြားလာကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပံ့ပိုးဦးဆောင်မှုနှင့်အတူ ကင်ဆာရောဂါလူနာများအတွက် အရည်အသွေးမြင့်သော ကုသမှုများကို ပြည်တွင်း၌ပင် တိုးမြှင့်ရရှိနိုင်စေရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ တိုးတက်များပြားလာသည့် ကင်ဆာရောဂါကုသရေးလုပ်ငန်းများအတွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ရေတို၊ ရေရှည် စီမံကိန်းများချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာလ အလွန်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ကင်ဆာရောဂါကုသဌာနများ ရာနှုန်းပြည့်လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၊ ၂၀၂၄ ခုနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့၌ LA စက်အသစ်တစ်လုံးစီတို့ကို တိုးချဲ့တပ်ဆင်အသုံးပြုနိုင်ခဲ့ကြောင်း။

ပြည်သူ့ဆေးရုံများသာမက ပုဂ္ဂလိကဆေးရုံငါးရုံတွင်ဓာတ်ရောင်ခြည်ဖြင့်ကင်ဆာရောဂါကုသမှုလုပ်ငန်းများကို ခွင့်ပြုထားပြီး အဆိုပါဆေးရုံများတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့မှ ရွေးချယ်ပေးသောဓာတ်ရောင်ခြည်ဖြင့် ကုသမှုခံယူရမည့်လူနာများအား အခမဲ့ ဓာတ်ရောင်ခြည်ကုသမှုများ အားဖြည့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ကင်ဆာရောဂါဆိုင်ရာအထူးကုဆရာဝန်များ၊ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများကိုလည်း စနစ်တကျမွေးထုတ်သင်ကြားလျက်ရှိကြောင်း၊ ကင်ဆာရောဂါကုသရေးနှင့် သုတေသနပြုရေးအတွက်ရည်ရွယ်၍ အမျိုးသားကင်ဆာရောဂါကုသရေးဌာနကို စနစ်တကျစီမံကိန်းချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့မှစတင်၍ LA စက်သုံးလုံး စတင်အသုံးပြုနိုင်ပြီဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများကလည်း နေ့ဆိုင်းညဆိုင်းဖြင့် အားသွန်ခွန်စိုက်ကုသပေးမှုကြောင့် တစ်ရက်လျှင် စုစုပေါင်း လူနာ ၂၀၀ မှ ၄၀၀ အထိ တိုးမြှင့်ကုသပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခချုပ် (ဆေးရုံအုပ်ကြီး/ကုသရေး) က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆောက်လုပ်ပြီးစီးသည့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အမျိုးသားကင်ဆာရောဂါကုသရေးဌာနကို နိုင်ငံတော်၏ခွင့်ပြုရန်ပုံငွေဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဆေးရုံ ငါးထပ်လူနာဆောင်အား ငွေကျပ် ၉ ဒသမ ၂ ဘီလီယံ၊ ဆေးရုံစက်ခန်းများနှင့် ဆက်စပ်လုပ်ငန်းများအတွက် ၁၆ ဒသမ ၉ ဘီလီယံ၊ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်းအတွက် ၄ ဒသမ ၉ ဘီလီယံ၊ ဆေးရုံသုံးရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်း ထိန်းသိမ်းရေးကွန်ကရစ်သိုလှောင်ကန်လုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများအတွက် ၁ ဒသမ ၄ ဘီလီယံ၊ စုစုပေါင်း ငွေကျပ် ၃၂ ဘီလီယံကျော်ဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ်အတွင်း ရှစ်ထပ်လူနာဆောင် ပြီးစီးအောင်ဆောက်လုပ်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၁)မှ တာဝန်ယူဆောက်လုပ်ပေးလျက်ရှိသည်။

ယနေ့ဖွင့်လှစ်သည့် ကင်ဆာရောဂါကုသစက်သုံးလုံး၏တန်ဖိုးမှာ မြန်မာငွေကျပ် ၃၂ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိပြီး အဆိုပါစက်များနှင့်အတူ တွဲဖက်အသုံးပြုရသည့် ဓာတ်ရောင်ခြည်ဖြင့် ကုသမှုအထောက်အကူပြုစက် (CT Simulator) တစ်လုံး၏ တန်ဖိုးမှာမြန်မာငွေကျပ်၂ဒသမ၅၅ဘီလီယံ တန်ဖိုးရှိကြောင်းသိရသည်။ **(၅၀၀)**

# လေထုညစ်ညမ်းခြင်းအတွက် အကောင်းဆုံးအစားအာဟာရများ

ပေါက်ပေါက်

လေထုညစ်ညမ်းမှုသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေရုံမျှမက လူသားတို့၏ကျန်းမာရေးအတွက် အကြီးမားဆုံးသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ခြိမ်းခြောက်မှုဖြစ်နေသည်။ ကုလသမဂ္ဂ၏ စစ်တမ်းများအရ ကမ္ဘာတစ်ဝန်းတွင် ညစ်ညမ်းသည့်လေကို ရှူရှိုက်နေရသူ ခန့်မှန်းခြေ နှစ်စဉ်လူပေါင်း ၈ ဒသမ ၁ သန်းခန့် အရွယ်မတိုင်မီ သေဆုံးနေကြရကြောင်း၊ ယင်းတို့ထဲတွင် အိမ်တွင်းနှင့် ပြင်ပလေထုညစ်ညမ်းမှုကြောင့် အသက်ငါးနှစ်အောက်ကလေး ခုနစ်သိန်းကျော်အထိ ပါဝင်နေကြောင်း တွေ့ရသည်။ သို့ဖြစ်ရာ လေထုညစ်ညမ်းမှုသည် လူ့ပတ်ဝန်းကျင်တွင် အသတိတ်လူသတ်သမားအဖြစ်ရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။

လေထုညစ်ညမ်းမှုကို အဓိကဖြစ်ပေါ်စေသည့်အကြောင်းရင်းမှာ ရုပ်ကြွင်းလောင်စာအသုံးပြုမှု များပြားခြင်း၊ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်တစ်ခုဖြစ်သော အပူချိန်မြင့်တက်လာမှုကြောင့် တောမီးလောင်ခြင်း စသည်တို့ကြောင့်ဖြစ်သည်။ ထို့ပြင် ဆောင်းရာသီတွင် စိုက်ခင်းများမှ ကောက်ပဲသီးနှံအကြွင်းအကျန်များကို မီးရှို့ခြင်း၊ လေတိုက်နှုန်းနည်းပါးခြင်းတို့ကလည်း လေထုညစ်ညမ်းမှုကို ပို၍ဖြစ်ပေါ်စေနိုင်သည်။

**လေထုညစ်ညမ်းခြင်းအတွက် အကောင်းဆုံးသက်စောင့်ဓာတ်များ**

ဗီတာမင် C ၊ ဗီတာမင် D ၊ ဗီတာမင် E ၊ ဘီတာကယ်ရိုတင်းနှင့် Omega-3 Fatty Acid များက လေထုညစ်ညမ်းမှုအတွက် လွန်စွာကောင်းမွန်သော သက်စောင့်ဓာတ်များဖြစ်ကြသည်။ အထူးသဖြင့် ဗီတာမင် C က လေထုထဲမှပါလာသော နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ကို ဖြေလျှော့ပေးသည်။ ဗီတာမင် C ၊ ဗီတာမင် E နှင့် ဘီတာကယ်ရိုတင်း ဓာတ်များက အိုဇုန်းဓာတ်မြင့်မားမှုကြောင့် အဆုတ်၏လုပ်ဆောင်ချက်များ ယိုယွင်းလာသောပြဿနာများကို ကြိုတင်ကာကွယ်ပေးနိုင်သည်။ ဗီတာမင် C နှင့် ဗီတာမင် E က လေထုညစ်ညမ်းခြင်းကြောင့် ပန်းနာရင်ကျပ်ဝေဒနာကို သက်သာစေသည်။ Omega-3 Fatty Acid က လေထုညစ်ညမ်းခြင်းကြောင့် နှလုံးသွေးကြောများထိခိုက်ခြင်းမှ ကာကွယ်ပေးသည်။ ဗီတာမင် D က ခန္ဓာကိုယ်တွင်း မသန့်ရှင်းသောလေများ ဝင်ရောက်မှုအန္တရာယ် ပိုမိုဆိုးရွားခြင်းဖြစ်စဉ်မှ ကာကွယ်ပေးသည်။

**လေထုညစ်ညမ်းခြင်းအတွက် အကောင်းဆုံးအစားအာဟာရများ**

အောက်ဖော်ပြပါအစားအစာများကိုစားသုံးခြင်းဖြင့် လေထုညစ်ညမ်းခြင်းကြောင့် ဖြစ်ပေါ်ခံစားရသော ကျန်းမာရေးအန္တရာယ်များမှ ကာကွယ်ထားနိုင်သည်။

- ဗီတာမင် C မြင့်မားစွာပါရှိသော မြန်မာနံနံပင်၊ တရုတ်နံနံပင်၊ ဒန့်သလွန်ရွက်၊ ဒန့်သလွန်သီး၊ မာလကာသီး၊ သံပရာသီး၊ ရှောက်သီး၊ ကီဝီသီး၊ ပန်းဂေါ်ဖီစိမ်း၊ စတော်ဘယ်ရီသီး၊ လိမ္မော်သီး၊ ပန်းငရုတ်ပွ၊ ဟင်းနုနယ်ရွက်၊ နနွင်းမှုန့်နှင့် ဂေါ်ဖီထုပ်စားပါ။
- ဗီတာမင် D ကြွယ်ဝသော ကြက်ဥ၊ ဘဲဥ၊ ငုံးဥ စသော ဥအမျိုးမျိုးနှင့် မှို၊ မုတ်ကောင်၊ ငါးကြီးဆီစားပါ။
- ဗီတာမင် E မြင့်မားစွာပါရှိသော အစိမ်းရောင်ဟင်းသီးဟင်းရွက်များ၊ ထောပတ်သီး၊ နေကြာစေ့၊ ဗာဒံစေ့၊ မြေပဲ၊ သစ်ကြားသီး၊ သံလွင်ဆီ၊ ဖွဲနုဆီ၊ ငါးဥ၊ ငါးရှဉ့်၊ ဆယ်လ်မွန်ငါး၊ လေးညင်းပွင့်၊ ပင်စိမ်း၊ တရုတ်နံနံစားပါ။
- ဘီတာကယ်ရိုတင်းဓာတ်မြင့်မားစွာပါရှိသော မုန်လာဥနီ၊ ကန်စွန်းဥ၊ ဟင်းနုနယ်ရွက်၊ ပဲထောပတ်၊ သခွားမွေး၊ ပန်းငရုတ်ပွစားပါ။
- Omega-3 Fatty Acid ကြွယ်ဝသော ဂုန်လျှော်စေ့၊ သစ်ကြားသီး၊ ပဲပိစပ်၊ ပင်လယ်ငါးအမျိုးမျိုး၊ ဆယ်လ်မွန်ငါး၊ ငါးကြီးဆီစားပါ။
- အထူးသဖြင့် ဂေါ်ဖီထဲတွင်ပါရှိသော Sulforaphane နှင့် Glucoraphanin ဓာတုဓာတ်ပေါင်းပစ္စည်းနှစ်မျိုးက လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသော အဆုတ်ထဲရှိ အဆိပ်အတောက်များကို သန့်စင်ပေးနိုင်သည့်အပြင် အသည်းနှင့်အတူ ခန္ဓာကိုယ်တစ်ခုလုံးကို သန့်စင်မှုဖြင့် ကျန်းမာစေသည်။ ယင်းဓာတုဓာတ်ပေါင်းပစ္စည်းနှစ်မျိုးကို ပန်းဂေါ်ဖီအဖြူ၊ ပန်းဂေါ်ဖီစိမ်း၊ ကိုက်လန်၊ ဂေါ်ဖီထုပ်၊ မုန်ညင်းရွက်၊ မုန်ညင်းစေ့တို့မှ အလုံအလောက်ရရှိနိုင်သည်။
- ထန်းလျက်နှင့် ကြက်သွန်နီကိုရော၍စားခြင်းဖြင့် အဆုတ်ကို သန့်စင်စေသည်။
- ဇာတိပ္ဖိုလ်သီး၊ ငရုတ်ကောင်း၊ ငရုတ်သီးတို့ကလည်း လေထုညစ်ညမ်းခြင်းကြောင့်ဖြစ်လာသော အဆုတ်ရောဂါကို သက်သာပျောက်ကင်းစေသည်။
- နနွင်းမှုန့်ကို ထောပတ်ဖြင့်နယ်စားပါ။

**"အသက်ရှူလမ်းကြောင်းစနစ်ကို ကောင်းစွာအထောက်အပံ့ပေးနိုင်ရန် ဓာတ်စာများဖြစ်သည့် နနွင်း၊ ချင်းစိမ်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ သောက်ရေသန့်၊ ငှက်ပျောဖူး၊ စပျစ်သီး၊ တလည်းသီး၊ အစိမ်းရောင်ပဲသီးအမျိုးမျိုး၊ ပန်းငရုတ်ပွ၊ တရုတ်နံနံ၊ အစိမ်းရောင်အရွက်ဖားဖား ဟင်းသီးဟင်းရွက်များဖြစ်ကြသည့် ပန်းဂေါ်ဖီစိမ်း၊ ဂေါ်ဖီထုပ်၊ ကိုက်လန်၊ အချဉ်အရသာရှိသောသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊ ဝါလိမ္မော်ရောင်တောက်တောက် သန့်ရှင်းလတ်ဆတ်သောသစ်သီးများဖြစ်ကြသည့် ဥပမာ-သင်္ဘောသီး၊ နာနတ်သီး၊ မချိုသောလိမ္မော်သီး၊ ရွှေဖရုံသီး၊ မုန်လာဥနီ၊ ကန်စွန်းဥ၊ ဂရိတ်ဖရုသီး၊ သခွားမွေး၊ လက်ဖက်ခြောက်ခါးခါး ရေနွေးကြမ်း စသည်တို့ကို စားသောက်ပါ . ."**

**အသက်ရှူလမ်းကြောင်းကို ကောင်းကျိုးပြုသော အစားအစာများ**

အသက်ရှူလမ်းကြောင်းစနစ်ကို ကောင်းစွာအထောက်အပံ့ပေးနိုင်ရန် ဓာတ်စာများဖြစ်သည့် နနွင်း၊ ချင်းစိမ်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ သောက်ရေသန့်၊ ငှက်ပျောဖူး၊ စပျစ်သီး၊ တလည်းသီး၊ အစိမ်းရောင်ပဲသီးအမျိုးမျိုး၊ ပန်းငရုတ်ပွ၊ တရုတ်နံနံ၊ အစိမ်းရောင်အရွက်ဖားဖား ဟင်းသီးဟင်းရွက်များဖြစ်ကြသည့် ပန်းဂေါ်ဖီစိမ်း၊ ဂေါ်ဖီထုပ်၊ ကိုက်လန်၊ အချဉ်အရသာရှိသောသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊ ဝါလိမ္မော်ရောင်တောက်တောက် သန့်ရှင်းလတ်ဆတ်သောသစ်သီးများဖြစ်ကြသည့် ဥပမာ-သင်္ဘောသီး၊ နာနတ်သီး၊ မချိုသောလိမ္မော်သီး၊ ရွှေဖရုံသီး၊ မုန်လာဥနီ၊ ကန်စွန်းဥ၊ ဂရိတ်ဖရုသီး၊ သခွားမွေး၊ လက်ဖက်ခြောက်ခါးခါး ရေနွေးကြမ်း စသည်တို့ကို စားသောက်ပါ။

**အဆုတ်သန့်စေသော အစားအစာများ**

- တောငှက်ပျောဖူးက ချွဲသလိပ်ပျော်ကျစေပြီး အသက်ရှူလမ်းကြောင်းပွင့်စေသည်။
- ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်က သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။ ထို့ပြင် လည်ချောင်းနာခြင်းနှင့် ချောင်းဆိုးခြင်းတို့ကိုလည်း သက်သာပျောက်ကင်းစေသည်။
- Rosemary ခေါ် မွှေးကြိုင်သည့် ဆေးဖက်ဝင် အမြစ်စိမ်းချုံနွယ်ပင်က အဆုတ်သွေးလည်ပတ်စီးဆင်းမှုကို အားပေးသည်။ (ကုန်တိုက်ကြီးများတွင် နိုင်ငံခြားဖြစ်အသင့်သောက် Rosemary ဖျော်ရည်ကို ရရှိနိုင်ပါသည်)
- ဂရိတ်ဖရုသီး ခေါ် ရှောက်ခါးသီးက ကင်ဆာဖြစ်စေသော အင်ဇိုင်းကို ဟန့်တားပေးသည်။ ယင်းအသီးက ဆေးလိပ်ဖြတ်ပြီးနောက် ပိုင်း အဆုတ်သန့်ရှင်းရေးအတွက် အထူးကောင်းမွန်သောအသီးဖြစ်သည်။ အကယ်၍ ဂရိတ်ဖရုသီးအရသာကို မကြိုက်ပါက နာနတ်သီးစားပါ။ ထိုအသီးများတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေ၍ ယင်းသစ်သီးဖျော်ရည်များကို တစ်နေ့လျှင် ၃၀၀ မီလီလီတာခန့်သောက်ပါ။
- နံနက်စာစားပြီးနောက်ပိုင်းနှင့် နေ့လယ်စာမတိုင်မီ ကြားကာလတွင် မုန်လာဥနီဖျော်ရည် ၁၀၀ မီလီလီတာ သောက်ပေးပါ။ မုန်လာဥနီက အဆုတ်သွေးကြောထဲရှိ သွေးများကို အယ်လ်ကာလီဓာတ်ပြုစေပြီး အဆုတ်ကိုသန့်စင်စေသည်။
- ရွှေဖရုံသီးကလည်း မုန်လာဥနီကဲ့သို့ပင် အဆုတ်ကျန်းမာရေးအတွက် အကျိုးအာနိသင်ပြည့်ဝသော အသီးတစ်မျိုးဖြစ်သည်။
- ပိုတက်စီယမ်က အဆိပ်အတောက်များကိုပြေစေသော အစွမ်းရှိသဖြင့် ပိုတက်စီယမ်ဓာတ်ကြွယ်ဝသော တရုတ်နံနံပင် သို့မဟုတ် ဟင်းနုနယ် သို့မဟုတ် ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့လယ်ထမင်းစားပြီးတိုင်း သောက်သုံးပေးပါ။ အဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။
- ညအိပ်ရာမဝင်မီ Cranberry ခေါ် အနီရောင်အချဉ်သီးဖျော်ရည်သောက်ပေးခြင်းဖြင့် အဆုတ်ထဲရှိ ဗက်တီးရီးယားပိုးမွှားများကို တိုက်ထုတ်ပေးနိုင်သည်။
- ထားဝယ်မှိုင်းပင်က အဆုတ်ကို သန့်စင်ပေးရုံသာမက အဆုတ်အမြှေးပါးကိုလည်း ကောင်းကျိုးပြုသဖြင့် ယင်းအပင်ကိုပြုတ်၍ဖြစ်စေ၊ လက်ဖက်ရည်ကြမ်းခတ်၍ဖြစ်စေ သောက်သုံးပါ။
- ဘလူးဘယ်ရီသီးတွင်ပါရှိသော အစွမ်းထက်မြက် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက အဆုတ်ရောဂါ ဗက်တီးရီးယားပိုးများကို တိုက်ထုတ်နိုင်စွမ်းရှိသည့်အတွက် ညအိပ်ရာမဝင်မီ ဘယ်ရီသီး သို့မဟုတ် အနက်ရောင်စပျစ်သီးဖျော်ရည် ၄၀၀ မီလီလီတာခန့် သောက်သုံးပါ။
- ပန်းငရုတ်ပွ ခေါ် ငရုတ်ချိုများက အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းကို လျှော့ကျစေသည်။
- လိမ္မော်သီးက အဆုတ်အတွက် အောက်ဆီဂျင်စုပ်ယူရာတွင် အကူအညီပေးသည်။ သို့သော် အလွန်ချိုသော လိမ္မော်သီးမျိုးကို မဆိုလိုပါ။
- အစိမ်းရောင်ပဲသီးအမျိုးမျိုး၊ ပဲစေ့နှင့် အခွံမာသီးများက အဆုတ်ကို ကောင်းစွာအလုပ်လုပ်စေရန် လိုအပ်နေသော မဂ္ဂနီဆီယမ်နှင့် သတ္တုဓာတ်များကို အားဖြည့်ပေးသည်။
- ပန်းသီးကို တစ်နေ့တစ်လုံး အမြဲစားသုံးပေးခြင်းဖြင့် ပိုမိုကျန်းမာသောအဆုတ်ကို ပိုင်ဆိုင်စေပါသည်။
- နနွင်း၊ ချင်း၊ ချင်းစိမ်း၊ ချင်းတက်များတွင် ရောင်ရမ်းမှုကို လျှော့ကျစေသော သတ္တိပါဝင်ပြီး အဆုတ်မှ ညစ်ညမ်းမှုများကို ဖယ်ထုတ်ပေးသည်။
- တလည်းသီးထဲမှာ အဲလက်ဂျစ်အက်စစ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာပါရှိနေ၍ အဆုတ်တွင် အဖုအကျိတ်ဖြစ်ပွားမှုကို လျှော့ချပေးသည်။
- အစိမ်းရောင် ဟင်းသီးဟင်းရွက်များဖြစ်ကြသော ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီအဖြူ၊ ပန်းဂေါ်ဖီစိမ်း၊ ကိုက်လန်များမှာ သွေးဆဲလ်အသစ်များတည်ဆောက်ပေးနိုင်သော ကလိုရိုဖီးလ် အပြည့်အဝပါဝင်နေပြီး အဆုတ်အတွင်းရှိ သွေးများကို သန့်စင်စေသည်။ ယင်းဟင်းရွက်များက အဆုတ်ကင်ဆာဖြစ်ပွားနိုင်မည့် အလားအလာကို ထက်ဝက်လျှော့ချပေးနိုင်သည်။
- ကြက်သွန်ဖြူနှင့် ကြက်သွန်နီတို့က နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။
- သန့်ရှင်းသောသောက်ရေကို များများသောက်ပါ။ သန့်ရှင်းစင်ကြယ်သောရေက အဆုတ်၏ ရေဓာတ်ကိုထိန်းသိမ်းပေးပြီး ချွဲသလိပ်၊ နှပ်၊ နာရည် စသည့် စွန့်ပစ်ပစ္စည်းများကို အလွယ်တကူ ယိုစိမ့်ထွက်ရှိလာစေပြီး အဆုတ်ကို သန့်စေသည်။
- သကြားမုန်လာဥ ခေါ် မုန်လာဥနီအလုံး ခေါ် Beet Root စားပါ။ (သကြားမုန်လာဥကို မြန်မာနိုင်ငံ၏ အေးမြစိုစွတ်သော ရှမ်းပြည်နယ်ဒေသများ၌သာ တွေ့ရတတ်သည်။ အရောင်က သွေးနီရောင် သို့မဟုတ် ခရမ်းနီရောင်ဖြစ်ပြီး ဓားဖြင့်လှီးဖြတ်လိုက်သောအခါ သွေးရည်ကြည်ကဲ့သို့ နီနီရဲရဲ အရည်ရွှမ်းသည်။ ဥပုံစံက ကြက်သွန်နီကဲ့သို့ လုံးဝိုင်း၍ အပေါ်ယံအခွံ အထပ်အထပ်လေးများဖြစ်နေပြီး လက်သီးဆုပ်ခန့်အရွယ်အစားမျိုးဖြစ်သည်။ ဥ၏ထိပ်ပိုင်းမှာ အစိမ်းရင့်ရောင် သို့မဟုတ် စိမ်းညိုရောင်သန်းသော ရိုးတံရှည်နှင့်အတူ အရွက်ဖားဖားများ ပါရှိသည်)
- စပျစ်သီး၊ စပျစ်သီးဖျော်ရည်၊ စပျစ်ဝိုင်သောက်ပါ။
- မာလကာရွက်ပြုတ်ရည်သောက်ပါ။
- သခွားမွေးသီးစားပါ။

အချုပ်ဆိုရသော် ခန္ဓာကိုယ်တွင်း သွေးလည်ပတ်စီးဆင်းမှု ပုံမှန်ဖြစ်နေလျှင် အဆိုပါသွေးများနှင့်အတူ အောက်ဆီဂျင်များလည်း ခန္ဓာကိုယ်အနှံ့ရောက်ရှိနေသဖြင့် လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်တတ်သော ရောဂါဆိုးများကို ခုခံပေးနိုင်သည်။ သို့ပါ၍ လေထုညစ်ညမ်းမှုကြောင့် ခံစားရနိုင်သော ဝေဒနာဆိုးများကိုရှောင်လွှဲနိုင်ရန် အထက်ဖော်ပြပါ အစားအသောက်များကို စားသုံးရုံမျှမက နေ့စဉ်ဘဝတွင် ၁၅ မိနစ်မှ မိနစ် ၃၀ ခန့် ခပ်သွက်သွက်လမ်းလျှောက်ခြင်း သို့မဟုတ် ကိုယ်လက်လှုပ်ရှားမှုပြုခြင်းတို့ကို လုပ်ဆောင်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

## ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်ပင် ၉၃၇ ဧကစိုက်ပျိုးပြီးစီး



**မိုးနဲ ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်ပင် ၉၃၇ ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ပင်များအဖြစ် မုန်ညင်း၊ မုန်လာ၊ နံနံ၊ ဆလတ်၊ ဂေါ်ဖီ၊ ငရုတ်၊ အာလူး စသည့် ဟင်းသီးဟင်းရွက်များအားလုံး (GAP)နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်စေရေးနှင့် ကျန်းမာရေးနှင့်ကိုက်ညီစွာ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သောနည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများကိုပညာပေးဆွေးနွေးပွဲများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

မိုးနဲမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ အထွက်နှုန်းကောင်းမွန်ရေးနှင့် မြို့နယ်အတွင်း စားသုံးမှုဖူလုံစေပြီး ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာကာ လူမှုစီးပွားဘဝများ မြင့်မားလာစေရေးအတွက် ဟင်းသီးဟင်းရွက်များကို တိုးချဲ့စိုက်ပျိုးနိုင်ရန် လိုအပ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်ထုတ်လုပ်မှုသည်အဓိကဖြစ်ရာ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ရေနံချောင်းမြို့နယ်၌ ဆောင်းရာသီနေကြာများအောင်မြင်ဖြစ်ထွန်း

**ရေနံချောင်း ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ နေကြာကိုသီးညှပ်အဖြစ်ယာမြေနှင့်ကိုင်းမြေနများတွင် သီးခြားစိုက်ပျိုးပြီး မျိုးအနေဖြင့် ရေဆင်း-(၁)မျိုးနေကြာမျိုးနှင့် ဆင်းရွှေကြာ-(၂)မျိုးနေကြာမျိုးကိုစိုက်ပျိုးရာ တစ်ဧကလျှင်အထွက်နှုန်း ၁၃ တင်းမှ ၁၄ တင်းထွက်ရှိသည့်အတွက် ဆောင်းရာသီသီးနှံ၊ ဆီထွက်သီးနှံနေကြာများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

ဆီထွက်သီးနှံနေကြာသည် စားသုံးဆီဖူလုံသည့်အပြင် မိသားစုဝင်ငွေရရှိပြီး အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်း၍ အထွက်နှုန်းကောင်းမွန်ရေးအပြင် နည်းပညာများကို ပူးပေါင်းဆောင်ရွက်ပေးနေကြောင်းနှင့် ဆောင်းရာသီသီးနှံ နေကြာဧက ၃၈၀၃ လျာထားစိုက်ပျိုးခဲ့ရာ ၃၁၂၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံအနေဖြင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းရလျက်ရှိပြီး ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် အစဉ်အမြဲတိုက်တွန်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ဆောင်းရာသီနေကြာများကို စိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်းစားသုံးဆီဖူလုံရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုမည်ဖြစ်သည့်အပြင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်သူ(ရေနံချောင်း)**

## မြေသားမိုးရေလှောင်ကန်တူးဖော်ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**လပွတ္တာ ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် သပြုကုန်းကျေးရွာအုပ်စု မိဦးကျေးရွာ၌ မြေသားမိုးရေလှောင်ကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဇန်နဝါရီလ ၂၀ ရက် နံနက်ပိုင်းတွင်လပွတ္တာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်းသိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်မိုး၊ မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုးက မြေသားမိုးရေလှောင်ကန်များရေရှည်အသုံးပြုနိုင်စေရေးအတွက် ရေကော်မတီဝင်များအား နှစ်စဉ်ရေကန်ပြုပြင်ထိန်းသိမ်းခြင်း အစီအစဉ်များထားရှိရန်နှင့် လိုအပ်သောနည်းပညာများကို အကြံပြုမှာကြားသည်။

မြေသားမိုးရေလှောင်ကန် တူးဖော်ခြင်းလုပ်ငန်းသည် အလျား ပေ ၁၁၀၊ အနံ ပေ ၁၁၀၊ အမြင့် ၃ ပေဖြစ်ပြီး ခြံစည်းရိုးကာရံခြင်းလုပ်ငန်းမှာ အလျား ပေ ၁၅၀၊ အနံ ပေ ၁၅၀၊ အမြင့် ၅ ပေဖြစ်ကာ ခွင့်ပြုငွေကျပ် ၁၂ သန်းဖြင့် ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ သောက်သုံးရေဂါလန်ပေါင်း ၃၇၀၀၀၀ ကျော်ကို ဖူလုံစွာသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**တေဇာလင်း**

**လမ်းလျှောက်ခြင်းကြောင့်**

**ခန္ဓာကိုယ်ရှိသွေးကြောများ သွေးလည်ပတ်မှုကောင်းစေသည်။**

## စည်းလုံးကြမည် တူညီစိတ်ထား

* ကြိုလှည့်ပါတော့
အိုဘယ့် ကမ္ဘာမြေ
ကောင်းခြင်းတွေဝေ။
သောက ဒုက္ခကင်းပါစေ
ရောက်ကာနေ နှစ်ထောင်နှစ်ဆယ့်ငါး။
ကပ်ကမ္ဘာ အဆိုးပျောက်လို့
ဖြိုးမောက် စီးပွား။

* လူနှင့်လူ အချင်းမများ
စိတ်ရင်းအား ဖြူစေချင်
မေတ္တာသက်ဝင်။
စာနာမှုနှင့် တွဲလက်ယှဉ်
စေတနာလျှင် အဓိက။
သာတူညီ ကောင်းစိတ်မွေးမှ
လောင်းရိပ် အေးမြ။

* ငယ်သူကို ဖေးမလို့
ကြီးသူက ကရုဏာပို
ထားကြစေလို။
ဓမ္မစက် မပျက်ပြို
မေတ္တာကို လက်ကိုင်စွဲ။
အပြန်အလှန် လေးစား
သွေးသားတွေပဲ။

* ချစ်ကြမယ် တစ်သက်မခွဲ
အမြဲသာ စည်းလုံးမည်
တွေးဆတူညီ။
အရောင်ဝင်းဝင်း အလင်းကြည်ကြည်
မြန်မာပြည် အနွယ်ဖွား။
ရိုးရာအမွေ ဓလေ့စရိုက်ကို
ပွေ့ပိုက်စို့လား။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၁။ ၀၆:၀၀ တရားတော် | ၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ |
| ၂။ ၀၈:၀၀ မျိုးချစ်တပ်မတော် | ၈။ ၁၄:၀၀ Sharing Knowledge |
| ၃။ ၀၉:၀၀ မြဝတီရုပ်မြင်သံကြားသတင်း | ၉။ ၁၅:၀၀ ဆောင်းပါးပေါ်မှာစာစုများ |
| ၄။ ၁၀:၀၀ နိုင်ငံတကာသတင်း | ၁၀။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ ၁၁:၀၀ သီချင်းလက်ဆောင် | ၁၁။ ၁၇:၀၀ မွေးမြူသုတ |
| ၆။ ၁၂:၀၀ ပန်းတို့၏အလှတရား | ၁၂။ ၁၈:၄၀ Music Gallery |

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ စာပေဟောပြောခြင်းနှင့် သုတ၊ ရသစာအုပ်များနှင့် ဘုရားရှိခိုးစာအုပ်များလှူဒါန်းခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၏ စာပေဟောပြောပွဲအခမ်းအနားနှင့် Naypyitaw State Polytechnic University၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် ဓနအလင်းရောင်စာကြည့်တိုက်များသို့ သုတ၊ ရသ စာအုပ်များနှင့်ဘုရားရှိခိုးစာအုပ်များလှူဒါန်းသည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် အစိုးရစက်မှုလက်မှုသိပ္ပံရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဌေးသွင်၊ Naypyitaw State Polytechnic University ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးလင်းအောင်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)၊ နည်းပညာသက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန (DTVET)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်) ကျောင်းအုပ်ကြီး၊ ဓနအလင်းရောင်စာကြည့်တိုက် ဥက္ကဋ္ဌ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒထံမှ ဩဝါဒ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်က ဘာသာရေးဆိုင်ရာနှင့် အထွေထွေဗဟုသုတများကို ဟောပြောသည်။




ထို့နောက်စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)မှ ကျောင်းသား၊ ကျောင်းသူများက ထာဝရသစ္စာသီချင်းဖြင့် ကပြဖျော်ဖြေကြပြီး ဒုတိယဝန်ကြီးက စာအုပ်များလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ သိပ္ပံနှင့်နည်းပညာသက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သုတ၊ ရသစုံစာအုပ်များနှင့် ဘာသာရေးဆိုင်ရာ စာအုပ်များကို Naypyitaw State Polytechnic University ဒုတိယပါမောက္ခချုပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) ကျောင်းအုပ်ကြီးနှင့် ဓနအလင်းရောင်စာကြည့်တိုက်ဥက္ကဋ္ဌတို့ထံ ပေးအပ်လှူဒါန်းရာ ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယနေ့အခမ်းအနားတွင် Naypyitaw State Polytechnic University သို့ ၂၀၉ အုပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံသို့ စာအုပ် ၇၀၃ အုပ်၊ ဓနအလင်းရောင်စာကြည့်တိုက်သို့ ၃၇၁ အုပ် စုစုပေါင်း ၁၂၈၃ အုပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာ ရအောင်းချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးရဲမိုး၊ ဦးဟန်သူ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် နေပြည်တော်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်နေသည့် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာအတွင်းရှိ ရအောင်းချောင်း ကမ်းပြိုကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ရွှေခဲအင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး သစ်ပင်သစ်တောများ ပြုန်းတီးမှုမရှိစေရေးနှင့် ကျေးရွာထင်းစိုက်ခင်း တစ်ရွာနှစ်ကေ စိုက်ပျိုးရေးတို့ကို အလေးထားဆောင်ရွက်ကြရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေး၊ သွင်းအားစုများ တွင်ကျယ်စွာအသုံးပြုရေး၊ သီးထပ်စွမ်းအားတိုးတက်ရေးအတွက် တောင်သူများအား အသိပညာပေးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် Initiative for ASEAN Integration-IAI သင်တန်းများအပေါ် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

၂၀၂၄ ခုနှစ်အတွင်း မြန်မာ-စင်ကာပူ သင်တန်းကျောင်း၌ဖွင့်လှစ်ခဲ့သည့် Initiative for ASEAN Integration–IAI သင်တန်းများအပေါ် ပြန်လည်သုံးသပ်သည့်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ချင်းတွင်းခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်က အာဆီယံတွင် မြန်မာနိုင်ငံ၏အခန်းကဏ္ဍကို မြှင့်တင်ရန်၊ ပြည်တွင်းကဏ္ဍအသီးသီးမှ အချိတ်အဆက်မိမိ ညှိနှိုင်းဆောင်ရွက်ရန်၊ အာဆီယံ၏ ယန္တရားများမှတစ်ဆင့် မိမိတို့နိုင်ငံ၏ လူမှုအကျိုးစီးပွား၊ နိုင်ငံ၏မူဝါဒများနှင့် ဦးစားပေးအစီအစဉ်များကို အကောင်အထည်ဖော်နိုင်ရန် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းစေရေး နည်းလမ်းများရှာဖွေကြရန်၊ အာဆီယံပေါင်းစည်းရေး ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် Initiative for ASEAN Integration–IAI သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် CLMV နိုင်ငံများကို ဦးတည်၍ ဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်ဖြစ်ပြီး စင်ကာပူနိုင်ငံသည် အာဆီယံ၏ဖွံ့ဖြိုးမှုဆိုင်ရာအကူအညီများ၊ စွမ်းရည်မြှင့်တင်ရေးအတွက် အဓိက ဦးစားပေးပံ့ပိုးလျက်ရှိကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း တက်ရောက်ခဲ့သော သင်တန်းများ၏ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြီး ၂၀၂၅ ခုနှစ်တွင် ဝန်ကြီးဌာနများ၏လိုအပ်ချက်များနှင့်ကိုက်ညီသော ထိရောက်အကျိုးရှိသည့်သင်တန်းများအဆိုပြုရန် တိုက်တွန်းပြောကြားသည်။

အစည်းအဝေးသို့ အာဆီယံမဏ္ဍိုင် (၃)ရပ်အောက်ရှိ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း (၂၉)ခုမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

## သတင်းခေါင်းစီး ပြင်ဆင်ချက်

ဇန်နဝါရီလ ၂၁ ရက်နေ့ထုတ် မြဝတီသတင်းစာ စာမျက်နှာ(၁၀)တွင် ဖော်ပြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ သတင်းခေါင်းစဉ်အား **စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် တိုးချဲ့ဖွင့်လှစ်ရေးဆိုင်ရာ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် အဆောက်အဦများပျက်စီးခဲ့မှုအခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၁

KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကယားပြည်နယ်အတွင်း အစိုးရ၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ လူနေအဆောက်အဦများ၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာအဆောက်အဦများကိုအကာအကွယ်ရယူ၍ အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည့်အပြင် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိလာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကာ ပညာရေးဆိုင်ရာအဆောက်အဦများ ဖျက်ဆီးခြင်း၊ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများ၊ ပညာရေးဆိုင်ရာဝန်ထမ်းများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်ခြင်း၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို လူသားတံတိုင်းအနေဖြင့် အကာအကွယ်ပြုတိုက်ခိုက်ခြင်း၊ နိုင်ငံအတွက် အရေးကြီးသည့် ပညာရေးဆိုင်ရာအဆောက်အဦများကို အကာအကွယ်ရယူပစ်ခတ်တိုက်ခိုက်ခြင်း စသည့်မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေဘဲ တိုင်းပြည်၏အနာဂတ်ကို ပျက်စီးစေလိုသည့်၊ အသိဉာဏ်ကင်းမဲ့သည့်လူမဆန်သောလုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။

ယခုအခါ ကယားပြည်နယ် လွိုင်ကော်ဒေသသည် နိုင်ငံတော်အစိုးရနှင့်တပ်မတော်တို့၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ပုံမှန်အခြေအနေအတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ အဆက်မပြတ်ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိပြီး လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသခံများ၏ ပညာသင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေရေးအတွက် လွိုင်ကော်တက္ကသိုလ် အမြန်ဆုံး ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်များကို အရှိန်အဟုန်ဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးမှုကြောင့် အဆောက်အဦများပျက်စီးခဲ့မှုအခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ကယားပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီးတို့က Video Conferencing ဖြင့်တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးမှုကြောင့် အဆောက်အဦများပျက်စီးခဲ့မှုအခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးက ပညာရေးကို ကမ္ဘာ့လူမှုအသိုင်းအဝိုင်းက မည်မျှအလေးထားသည်ကို ကြည့်မည်ဆိုပါက စာသင်ကျောင်းများကို စစ်ရေးဆိုင်ရာအဖြစ် အသုံးပြုခြင်းများ၊ စာသင်ကျောင်းများကို **စာမျက်နှာ ၁၂ သို့** ❐




KNPP/KNDFအဖွဲ့နှင့်PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်ပေါ်မှအကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာအားတွေ့မြင်ရစဉ်။











KNPP/KNDF အဖွဲ့နှင့်PDF အမည်ခံအကြမ်းဖက်အဖွဲ့များဖျက်ဆီးမှုကြောင့် လွိုင်ကော်တက္ကသိုလ် ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။

❐ စာမျက်နှာ ၁၁ မှအဆက်
ပစ်မှတ်ထားတိုက်ခိုက်ခြင်းများကိုတားမြစ်ထားသည့် **ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ်၊ ၂၆၀၁(၂၀၂၁)**ကို လုံခြုံရေးကောင်စီအဖွဲ့ဝင် (၁၅)နိုင်ငံက တညီတညွတ်တည်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြကြောင်း၊ အဆိုပါဆုံးဖြတ်ချက်ထဲတွင် ပါဝင်သည့်အဓိကအချက်များအနေဖြင့် ကလေးများ၊ ကျောင်းများနှင့် ဆရာများကို မတိုက်ခိုက်ရန်၊ လက်နက်ကိုင်ပဋိပက္ခအတွင်းတွင် ပညာသင်ကြားခွင့်ကိုအကာအကွယ်ပေးရန်၊ ကျောင်းများသည် ပညာရေးအတွက် လုံခြုံစိတ်ချရသည့်နေရာဖြစ်ရန်၊ ကျောင်းများသည် အရပ်ဘက်စရိုက်လက္ခဏာရှိသည်ဖြစ်၍ လေးစားကာကွယ်ရန်၊ လက်နက်ကိုင်ပဋိပက္ခဖြစ်နေပါကလည်း ပညာသင်ကြားခွင့်ကို လွယ်ကူချောမွေ့စွာဆက်လက်ရရှိရန် ဆိုသည့် အချက်များပင်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအများစုက ထောက်ခံအတည်ပြုထားသည့် **လုံခြုံစိတ်ချသည့်ကျောင်းများဆိုင်ရာကြေညာချက် (The Safe Schools Declaration)** တွင်လည်း လက်နက်ကိုင်ပဋိပက္ခ၏ အဆိုးရွားဆုံးသက်ရောက်မှုများကနေ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းများနှင့်တက္ကသိုလ်များကို ကာကွယ်ရန် အကြမ်းဖက်မှု သို့မဟုတ် တိုက်ခိုက်မှုများကို စိုးရိမ်ကြောင့်ကြစရာမလိုဘဲ ပညာသင်ကြားခွင့်ရရှိရန်၊ ဆရာ၊ ဆရာမ၊ ပါမောက္ခနှင့်ကျောင်းအုပ်ချုပ်သူတိုင်းသည် ဘေးကင်းရေး၊ လုံခြုံရေးနှင့် ဂုဏ်သိက္ခာဆိုင်ရာအခြေအနေများတွင် သင်ကြားသုတေသနပြုနိုင်ရန်၊ တက္ကသိုလ်တိုင်းသည် ကျောင်းသားများနှင့်ပညာရှင်များအတွက် လုံခြုံသည့်နေရာဖြစ်ရန် စသည့်အချက်များပါဝင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အနှံ့အပြားတွင်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင့်မြင့်ပညာရပ်များကို အဆင်ပြေပြေ သင်ယူလေ့လာနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီတွင် အနည်းဆုံး တက္ကသိုလ်တစ်ခုဖွင့်လှစ်ထားရှိကြောင်း၊ ကယားပြည်နယ်တွင်လည်း လွိုင်ကော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့ကို ပြည်နယ်မြို့တော်ဖြစ်သည့် လွိုင်ကော်မြို့တွင်ဖွင့်လှစ်ထားရှိခဲ့ကြောင်း၊ လွိုင်ကော်မြို့၏ ပညာကျက်သရေဆောင် လွိုင်ကော်တက္ကသိုလ်တွင် ဝိဇ္ဇာသိပ္ပံဘာသာရပ်ဆိုင်ရာရိုးရိုးဘွဲ့သင်တန်းများအပြင် မဟာဘွဲ့သင်တန်းများအထိ ဖွင့်လှစ်ပို့ချခဲ့ပြီး ပြည်နယ်၊ ပြည်မမှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများလာရောက်သင်ကြားပို့ချ တာဝန်ထမ်းဆောင်ခဲ့ကြကြောင်းကိုတွေ့ရှိရကြောင်း၊ နေ့သင်တန်းနှင့် အဝေးသင် သင်တန်းကျောင်းသား၊ ကျောင်းသူများစွာ အဆင့်မြင့်ပညာဆည်းပူးခဲ့ကြသည့် တက္ကသိုလ်တစ်ခုလည်းဖြစ်ကြောင်း။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နှင့် ၁၄ ရက်တွင် KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ **စာမျက်နှာ ၁၅ သို့** ❐



ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား KNPP/KNDF အဖွဲ့နှင့်PDF အမည်ခံ အကြမ်းဖက်အဖွဲ့များဖျက်ဆီးမှုကြောင့် နှစ်ထပ်ကျောင်းသား၊ ကျောင်းသူနားနေဆောင်(၄၀၀ ပေ x ၈၃ ပေ) ပျက်စီးမှုအခြေအနေကိုတွေ့ရစဉ်။



ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား KNPP/KNDF အဖွဲ့နှင့်PDF အမည်ခံ အကြမ်းဖက်အဖွဲ့များဖျက်ဆီးမှုကြောင့် နှစ်ထပ်ပါမောက္ခချုပ်နေအိမ်(၄၀ ပေ x ၃၄ ပေ) ပျက်စီးမှုအခြေအနေကိုတွေ့ရစဉ်။





ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား KNPP/KNDF အဖွဲ့နှင့်PDF အမည်ခံအကြမ်းဖက်အဖွဲ့များဖျက်ဆီးမှုကြောင့် နှစ်ထပ်ဘွဲ့နှင်းသဘင်ခန်းမ(၁၈၈ ပေ x ၁၆၄ ပေ) အတွင်းပိုင်းပျက်စီးမှုအခြေအနေကိုတွေ့ရစဉ်။





ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား KNPP/KNDF အဖွဲ့နှင့်PDF အမည်ခံအကြမ်းဖက်အဖွဲ့များဖျက်ဆီးမှုကြောင့် လေးခန်းတွဲနှစ်ထပ်ဝန်ထမ်းအိမ်ရာ( ၉၆ ပေx ၂၅ ပေ) ပျက်စီးမှုအခြေအနေကိုတွေ့ရစဉ်။



KNPP/KNDF အဖွဲ့နှင့်PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အတွင်းစီးနင်းဝင်ရောက်မှုအား အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့်တွေ့မြင်ရစဉ်။



ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား KNPP/KNDF အဖွဲ့နှင့်PDF အမည်ခံ အကြမ်းဖက်အဖွဲ့များဖျက်ဆီးမှုကြောင့် နှစ်ထပ်စာသင်ဆောင် (၂၀၈ပေx ၃၈ ပေ) အတွင်းပိုင်းပျက်စီးမှုအခြေအနေကိုတွေ့ရစဉ်။



KNPP/KNDF အဖွဲ့နှင့်PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့်ကျောင်းသား၊ ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားမှုအား အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့မြင်ရစဉ်။



KNPP/KNDFအဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် အဖွဲ့များက လွိုင်ကော် တက္ကသိုလ်မှ ဆရာ၊ ဆရာမ အချို့အား ရက်စက်စွာသတ်ဖြတ်ထားရှိမှုအား အွန်လိုင်းအထောက်အထား ဓာတ်ပုံများ မှတစ်ဆင့် တွေ့မြင်ရစဉ်။

# မြတ်နိုးဖွယ်ရာ မြန်မာ့ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့အစားအစာများ

ချယ်ချယ်(YU)

နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုးစီမှာ မိမိတို့တန်ဖိုးထားလေးစားရတဲ့ ယဉ်ကျေးမှု၊ ဘာသာတရား၊ ရိုးရာဓလေ့ထုံးစံ၊ ရိုးရာအစားအစာ၊ ရိုးရာလက်မှုပညာ၊ အတတ်ပညာ၊ စာပေ၊ ဂီတအနုပညာယဉ်ကျေးမှုများစသည်ဖြင့်ရှိကြပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ရိုးရာအစားအစာများ၊ သူတို့ရဲ့ သမိုင်းကြောင်းများ၊ ပြုလုပ်ဖန်တီးမှုများ၊ အစားအစာပြင်ဆင်မှုများဟာ စိတ်ဝင်စားစရာကောင်းလှပါတယ်။ မိမိနိုင်ငံမှ ထွက်ရှိတဲ့ ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများကိုမူတည်ပြီး ဖန်တီးချက်ပြုတ်ကြတာဟာ အလွန်ဂုဏ်ယူစရာကောင်းလှပါတယ်။ မိမိတို့နိုင်ငံကို ချစ်မြတ်နိုးသူတွေဟာ ကိုယ့်လူမျိုးရဲ့ ဂုဏ်သိက္ခာ နိုင်ငံအရေးနှင့် အမျိုးသားရေးကို အမြဲမြှင့်တင်စောင့်ရှောက်ကြရမှာဖြစ်ပါတယ်။ မိမိတို့ရဲ့ ရိုးရာဓလေ့ထုံးစံကောင်းများကို မပျောက်မပျက်အောင် ထိန်းသိမ်းထားကြရမှာ ဖြစ်ပါတယ်။


နိုင်ငံတစ်နိုင်ငံမှာ အထင်ကရ အစားအစာ အများအပြားရှိကြပါတယ်။ နှစ်လိုဖွယ်ကောင်းတဲ့ အစားအစာများကို မိမိတို့ကိုယ်ပိုင်နည်းစနစ်များအသုံးပြုကာ ချက်ပြုတ်ပြင်ဆင်လေ့ရှိကြပါတယ်။ ထိုနိုင်ငံမှ လူမျိုးတစ်မျိုးစီရဲ့ ဓလေ့ထုံးစံပေါ်မူတည်ပြီးလည်း ကွဲပြားလေ့ရှိပါတယ်။ သက်ဆိုင်ရာလူမျိုးတိုင်းမှာ ချစ်စရာကောင်းသော အစားအစာများကို နှစ်သက်စရာတွေ့ရှိရပါတယ်။ နိုင်ငံတစ်နိုင်ငံသို့ ရောက်ပြီဆိုလျှင်ဖြင့် ရိုးရာအစားအစာ ဘယ်လိုတွေကဘာတွေလဲ၊ ဘယ်လိုပြင်ဆင်စားသောက်ရတာလဲ၊ ဘယ်လိုအရသာလဲဆိုတာကို မြည်းစမ်းကြည့်ချင်ကြပါတယ်။ သက်ဆိုင်ရာနိုင်ငံကလည်း ဧည့်ခံတတ်သော ဓလေ့လေးတွေရှိတတ်ကြပါတယ်။ ကျွန်မတို့ နိုင်ငံမှာဆိုရင်လည်း တိုင်းရင်းသားအစားအစာလေးတွေကို ပြည်နယ်တွေရောက်တိုင်း ပြင်ဆင်ဧည့်ခံကြပါတယ်။ မိမိတို့ ရိုးရာဓလေ့ချစ်စရာလေးတွေကို ဖော်ထုတ်တတ်လေ့ရှိကြပါတယ်။ အီတလီမှာဆို စပါကတီ၊ ကိုရီးယားဆို တော့ပိုကီ၊ ပဲခေါက်ဆွဲ၊ ဆူရှီဆိုလျှင် ဂျပန်၊ ကွေ့တယိုဆိုလျှင် ထိုင်းစသဖြင့် မရောက်ဖူးသော်လည်း မီဒီယာများမှတစ်ဆင့် ကျွန်မတို့သိရှိရပါတယ်။ အင်တာနက်ပေါ်မှတစ်ဆင့် စားဖို့မှူးများ ချက်ပြုတ်ပြသသော ဗီဒီယိုတွေကြည့်ပြီး ချက်ပြုတ်ကြည့်မိပါတယ်။ အရသာလေး မြည်းစမ်းရပါတယ်။

နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ နိုင်ငံရေးအယူအဆများ ရိုးရာဓလေ့ထုံးစံ၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာမတူကြသော်လည်း ယဉ်ကျေးမှုအစားအစာများကတော့ တစ်ဦးနဲ့တစ်ဦးကိုဆက်သွယ်ချိတ်ဆက်ပေးလျက်ရှိပါတယ်။ နိုင်ငံတိုင်းဟာ မိမိတို့ယဉ်ကျေးမှုနဲ့အစားအစာတွေကို ခရီးသွားလာခြင်းလုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများ၊ ထုတ်ကုန်ပစ္စည်းလုပ်ငန်းများတွင် မိမိတို့နိုင်ငံစီးပွားရေးအတွက် ထိုးဖောက်မှုလုပ်လေ့ရှိကြပါတယ်။ အရေးပါသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်ရှိသော ကျွန်မတို့မြန်မာနိုင်ငံမှာလည်း ရိုးရာအစားအစာအများအပြားရှိပါတယ်။ ထိုင်းမှ ကွေ့တယိုနဲ့ရှမ်းတိုင်းရင်းသားတို့ရဲ့ ရှမ်းခေါက်ဆွဲ အနည်းငယ်တူမယ်ထင်ပါတယ်။ သက်ဆိုင်ရာနေရာဌာနကွာခြားခြင်းကြောင့် အရသာအနည်းငယ်တော့ကွာခြားနိုင်ပါတယ်။ ပြင်ဆင်ပုံနည်းလမ်းကွာခြားနိုင်ပါတယ်။ ကိုရီးယား ဂင်ချီရှိသလို ကျွန်မတို့မှာ ရှမ်းချဉ်ရှိပါတယ်။ ကိုရီးယားမှာ တော့ပိုကီရှိသလို ကျွန်မတို့







မြန်မာ့အစားအစာမှာ ကောက်ညှင်းသို့မဟုတ် ဆန်နဲ့လုပ်တဲ့ မုန့်လုံးရေပေါ်၊ မုန့်ကြာစွေ၊ မုန့်လုံးကြီးကျော်၊ မုန့်လက်ကောက်၊ မုန့်ပဲဆုပ်၊ မုန့်ဗိုင်းတောင့်၊ မုန့်ဆီကြော် စသည်ဖြင့်အများအပြားရှိပါတယ်။ အိန္ဒိယမှာ ပူရီရှိသလို ကျွန်မတို့မှာ ပဲနဲ့ချက်တဲ့ မုန့်ဟင်းခါးတို့ အုန်းနို့ခေါက်ဆွဲတို့ကလည်း မြန်မာတွေကြိုက်နှစ်သက်တဲ့ နံနက်ခင်း အစားအစာဖြစ်ပါတယ်။ မုန့်ဟင်းခါးဆိုလျှင် နေရာဒေသကိုလိုက်ပြီး အမျိုးမျိုးချက်ပြုတ်ပြင်ဆင်လေ့ရှိကြပါတယ်။ မြန်မာနိုင်ငံအတွင်း နေရာဒေသအလိုက် ထင်ရှားတဲ့ ရိုးရာအစားအစာများလည်းရှိကြပါတယ်။ ဥပမာ မန္တလေးကဆို မန္တလေးမုန့်တီ၊ ထိုးမုန့်၊ မြိတ်ကဆို ကတ်ကြေးကိုက်၊ ဧရာဝတီကဆို မုန့်ဟင်းခါး၊ ပုသိမ်ဟလဝါ၊ ရှမ်းပြည်ကဆို ရှမ်းခေါက်ဆွဲ၊ တိုဟူးနွေး၊ ကရင်ကဆို တာလပေါဟင်း၊ ရခိုင်ကဆို ရခိုင်မုန့်တီ စသည်တို့က မြန်မာနိုင်ငံအတွင်းတွင်သာမက နိုင်ငံရပ်ခြားကပါ နှစ်သက်စွာ သုံးဆောင်ကြပါတယ်။

ကျွန်မကြိုက်တဲ့ မြန်မာ့ရိုးရာအစားအစာဆိုရင် အတော်များများရှိပါတယ်။ ကောက်ညှင်းပေါင်းဆိုရင် ပဲပြုတ်လေးနဲ့ဖြစ်စေ၊ နှမ်းထောင်းလေးနဲ့ဖြစ်စေ၊ နှမ်းဆီလေးဆမ်း ပူပူလေးစားရရင် ကောင်းမှကောင်းပါပဲ။ နောက် ဆီထမင်းတို့ ရွှေထမင်းတို့ပေါ့နော်။ ကောက်ညှင်းနဲ့လုပ်တဲ့ မြန်မာမုန့်လေးတွေဘက်ကို ကြည့်ရအောင်။ ကျွန်မတို့ ရိုးရာသင်္ကြန်နဲ့ တွဲရက်ကတော့ မုန့်လုံးရေပေါ်ပေါ့နော်၊ သင်္ကြန်ရက်တွေဆို ရေစိုစိုနဲ့ ကောက်ညှင်းမှုန့်နဲ့ ထန်းလျက်လေးထည့်ကာ မုန့်လုံးရေပေါ်တွေလုပ်ကြ အုန်းသီးလေးခြစ်လို့ဖြူးပြီး စတုဒိသာကျွေးကြတဲ့ဓလေ့ထုံးစံလေးပေါ့။ ပျော်စရာလည်းကောင်း ချစ်ချစ်ခင်ခင်နဲ့ လာသမျှလူကျွေးသော ရိုးရာအလှူဓလေ့လေးပါ။ နောက်ကောက်ညှင်းထုပ်ကို ငှက်ပျောသီး သို့မဟုတ် ပဲလုံးလေးထည့်ပြီး ငှက်ပျောရွက်နဲ့ ကျစ်ကျစ်ပါအောင်ထုပ်ကာ နီးကလေးနဲ့ တင်းတင်းလေးစည်းပြီး ပေါင်းအိုးနဲ့ ပေါင်းထားတဲ့ ပူပူနွေးနွေး ချိုချိုမွှေးမွှေးစားစရာလေးပေါ့နော်။ ကောက်ညှင်းပေါင်းလေးကို အုန်းနို့နဲ့ ငှက်ပျောဖက်ကလေးထုပ်ပြီး မီးကင်ထားတဲ့ ကောက်ညှင်းကင်ဆိုရင်လည်း ပူပူနွေးနွေးချိုချိုအိအိလေးနဲ့ အလွန်အရသာရှိပါတယ်။

မုန့်လက်ကောက်ဆိုရင်လည်း ကောက်ညှင်းမှုန့်ကို လိုအပ်တဲ့ အရသာထည့် ဆီပူပူလေးနဲ့ကြော် ထန်းလျက်ရည်လေးနဲ့ နှစ်နှစ်ပြီးစားရတာကျေနပ်စရာပါ။ မုန့်လက်ကောက်ကို ဆန်းသစ်ထားတဲ့ ကန်စွန်းဥမုန့်လက်ကောက်၊ ရွှေဖရုံသီးမုန့်လက်ကောက်တို့ကလည်း အချိုတည်းစရာ အချိုပွဲလေးတွေအဖြစ် ပွဲလယ်တင့်လို့နေပါတယ်။ ဆီနဲ့ကြော်လို့ မကြိုက်ရင်လည်း နောက်တစ်မျိုးရှိပါသေးရဲ့။ ကောက်ညှင်းမှုန့်နဲ့ ပဲလေးနဲ့ဆုပ်ဆုပ်ပြီး ရေနွေးငွေ့လေးနဲ့ပေါင်းလို့ နှမ်းလေးထောင်းထည့် နှမ်းဆီမွှေးမွှေးလေးနည်းနည်းဆမ်းလွှေးလိုက်ရင်ဖြင့် စားလို့ကောင်းမှကောင်းပါပဲရှင်။ နံနက်ခင်းစားစရာလေးပေါ့နော်။

ဆယ့်နှစ်လရာသီပွဲတော်ထဲမှာ တစ်ခုအပါအဝင်ဖြစ်သော တပို့တွဲလပွဲတော်ဖြစ်တဲ့ ထမနဲ သို့မဟုတ် နှမ်းမနဲဟာလည်း ရှေးမင်းအဆက်ဆက်မှအစပြုပြီး ယခုအချိန်အထိ နှစ်စဉ်နှစ်တိုင်း အမြို့မြို့အရွာရွာမှာ ထမနဲပွဲများ ကျင်းပလေ့ရှိကြပါတယ်။ ထမနဲဟာ ကောက်ညှင်းနဲ့စီမံပြုလုပ်တဲ့ မြန်မာတို့ရဲ့ ချိုဆိမ့်မွှေးသော ရိုးရာအစားအစာဖြစ်ပါတယ်။ ကောက်ညှင်းထမင်းကို ထပ်ပြန်တလဲလဲကော်များပတ်စာများ နဲ့သလို နဲ့ကြရသောကြောင့် ထမနဲဟုခေါ်ကြောင်း မှတ်သားရပါတယ်။ ကောက်ညှင်း၊ အုန်းသီး၊ မြေပဲ၊ ချင်း၊ နှမ်းဆီ နှင့် နှမ်းနိုင်နိုင်ထည့်ရလို့ နှမ်းမနဲလို့လည်းခေါ်ကြပါတယ်။ ကောက်ဦးပေါ်ချိန် ရာသီစာထမနဲကို .အချိုးအစားမှန်မှန်ဖြင့် ထိုးကြရင်တော့ အလွန်စားကောင်းပါတယ်။ ထမနဲသည် အပူစာဖြစ်ပြီး ဆီနိုင်နိုင်နဲ့ ထိုးကြခြင်းဖြစ်လို့ အလွန်ချမ်းသော တပို့တွဲလမှာ ထမနဲထိုးပွဲများကျင်းပပြီး စားသုံးကြခြင်းဖြစ်ကြောင်းမှတ်သားရပါတယ်။ အလွန်အေးပြီး အဆီခြောက်ခန်းချိန်ဖြစ်လို့ ဆီ နိုင် နိုင်နဲ့ ထမနဲကို စားသုံးခြင်းဖြင့် စိုပြည်လာနိုင်ကြောင်း ကျန်းမာရေးရှုထောင့်မှကြည့်လည်း အလွန်ကောင်းမွန်ပါတယ်။ တပို့တွဲလဆိုလျှင် ကျွန်မတို့ ရပ်ရွာမှာ ထမနဲထိုးပွဲများ အပြိုင်အဆိုင်လုပ်ကြပြီး စတုဒိသာကျွေးကြပါတယ်။ ပျော်စရာလည်းကောင်းပါတယ်။ ကုသိုလ်လည်းရတဲ့ တပို့တွဲရာသီ ထမနဲပွဲဖြစ်ပါတယ်။

နောက် ထမင်းစားလေ့ရှိတဲ့ ကျွန်မတို့ မြန်မာလူမျိုးတွေအတွက် ရှမ်းပြည်နယ်ရဲ့ ထွက်ကုန်လက်ဖက်ရှိပါသေးတယ်။ လက်ဖက်အစိုလေးကို ဆားနည်းနည်း ဆီနည်းနည်းနဲ့နှပ်ပြီး အညာဒေသထွက် ပဲကြော်၊ မြေပဲကြော်၊ ကြက်သွန်ကြော်၊ နှမ်းတို့နဲ့ပေါင်းစပ်ပြီး မြန်မာ့ရိုးရာအစားအစာစစ်စစ်ဘယ်တော့မှ မရိုးသော လက်ဖက်သုပ်လေးပေါ့။ ကျွန်မတို့ လူငယ်တွေကတော့ ထပ်ဆောင်းအနေနဲ့ ပုစွန်ခြောက်တို့ ခရမ်းချဉ်သီးလေးတွေစိပ်ထည့်ပြီး ငရုတ်သီးလေးကိုက်လိုက် ကြက်သွန်ဖြူလေးဖွဲ့လိုက်နဲ့ အကြိုက်စားတတ်ကြပါရဲ့။ သူ့အတိုင်း အသုပ်ချည်းပဲ စားတတ်သလို ထမင်းဖြူလေးနဲ့လည်း တွဲစားတတ်ကြပါတယ်။ အလှူပွဲတွေ အခမ်းအနားပွဲမှာဆိုလည်း မပါမဖြစ်ဧည့်ခံတဲ့ အလယ်တည် လက်ဖက်အုပ်ကလေးက ပွဲလယ်တင့်လို့နေပါတယ်။ မြန်မာနိုင်ငံသားတိုင်း မကြိုက်သူမရှိလို့ ထင်မြင်မိပါတယ်။ ပြည်ထောင်စုအစားအစာလို့ ကျွန်မကတော့မှတ်တမ်းတင်ချင်ပါတယ်။ ရှမ်းပြည်က လက်ဖက်ကို မကွေးတိုင်းက ပဲဆီ၊ နှမ်းဆီကိုသုံးပြီး နှပ်မယ်။ အညာဒေသ မကွေး၊ စစ်ကိုင်းတို့ကထွက်တဲ့ ပဲကြော်၊ မြေပဲကြော်၊ နှမ်း၊ ကြက်သွန်ဖြူကြော်တို့နဲ့ တွဲဖက်လိုက်တော့ ပြည်ထောင်စုလက်ဖက်ပွဲလေး ဖြစ်ရောပေါ့နော်။ အဲဒီမှာ ဧရာဝတီတိုင်းတို့ ကမ်းရိုးတန်းဒေသတို့က ထွက်တဲ့ ပုစွန်ခြောက်လေး ထပ်ဖြည့်လိုက်ရင် အရသာကောင်းမွန်သော ပြည်ထောင်စုလက်ဖက်ပွဲလေးရပါပြီရှင့်။ အဲဒီမှာ လက်ဖက်ခြောက် ရေနွေးကြမ်းလေးနဲ့ တွဲဖက်လိုက်ပြန်တော့ပိုပြီး ပြည့်စုံသွားတယ်မဟုတ်ပါလား။ မြန်မာ့ရိုးရာလက်ဖက်ပွဲ ရေနွေးကြမ်းပွဲလေးဟာ တော်ဝင်တဲ့ ရိုးရာအစားအစာဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ တိုင်းရင်းသားရိုးရာဓလေ့အစားအစာများက ကျွန်မတို့အတွက် ဘယ်ချိန်မဆို ထမင်းမြိန်စေတဲ့ အာဟာရပြည့်အစားအစာများဖြစ်ပါတယ်။ မိမိတို့ဒေသမှထွက်တဲ့ အော်ဂဲနစ် အစားအစာများဖြစ်တဲ့အတွက် ကျန်းမာရေးနဲ့လည်း ကိုက်ညီပါတယ်။ အဓိက အစားအစာများသာမက အချိုပွဲအစားအစာများလည်း အများအပြားရှိပါတယ်။

မြန်မာနိုင်ငံဒေသအနှံ့အပြားမှထွက်တဲ့ သီးနှံများနဲ့ပြုလုပ်နိုင်တဲ့ ရိုးရာအစားအစာများ အများအပြားရှိပါတယ်။ အဲဒီထဲက ကျွန်မအလွန်နှစ်သက်တဲ့ ကျွန်မအဖေရဲ့ မွေးရပ်မြေ အညာဒေသတွင် ပေါက်ရောက်တဲ့ ထန်းအကြောင်း အနည်းငယ် ပြောပြချင်ပါတယ်။ ရုက္ခဗေဒအလိုအားဖြင့် ထန်းပင်ဟာ ပါလမေစီအီး သို့မဟုတ် ပါမီမျိုးရင်းတွင်ပါဝင်ပြီး အပူပိုင်းဒေသနဲ့ အပူလျော့ပိုင်းဒေသမှာ ပေါက်ပွားတဲ့အပင်ဖြစ်ကြောင်း မှတ်သားရပါတယ်။ မြန်မာနိုင်ငံအရပ်ရပ်မှာပေါက်ရောက်ကြတယ်ဆိုပေမယ့် ကျွန်မတို့ အညာဒေသမှာ ထန်းပင်တောများ စီရရီတွေ့မြင်နိုင်ပါတယ်။ ထန်းပင်ကရရှိတဲ့ ထန်းရည်မှတစ်ဆင့် အချိုတည်းစရာ ထန်းလျက်ကို ချက်လုပ်နိုင်ပါတယ်။ ထန်းလျက်ကို အသုံးပြုပြီး မြန်မာ့ရိုးရာ မုန့်အမျိုးမျိုးကိုပြုလုပ်နိုင်ပါတယ်။ မုန့်ထဲတွင် သကြားထည့်မယ့်အစား ထန်းလျက်နဲ့လုပ်တဲ့ မုန့်ကို ကျွန်မ ပိုမိုကြိုက်နှစ်သက်ပါတယ်။ ထန်းရည်ဆိုလျှင်လည်း ထန်းရည်တွင် အချို အခါး နှစ်မျိုးရှိပါတယ်။ ထန်းသီးကိုလည်းစားသုံးနိုင်ပါတယ်။ ထန်းသီးကို အသုံးပြုပြီး ထန်းသီးမုန့်ကလည်း အလွန်စားကောင်းတဲ့ ရိုးရာအစားအစာတစ်ခုဖြစ်ပါတယ်။ ဒါ့ပြင် ထန်းပင်မြစ်ကိုလည်း မီးဖုတ်လို့ဖြစ်ဖြစ်၊ ပြုတ်လို့ ဖြစ်ဖြစ် နှမ်းဆီလေးဆမ်း ဆားနည်းနည်းနဲ့ အဆာပြေစားစရာလေးဖြစ်ပါတယ်။ **စာမျက်နှာ ၁၄ သို့ ◆**

◆ စာမျက်နှာ ၁၃ မှအဆက်

အညာဒေသမှာ ထန်းရွက်ကို ယပ်တောင်ပြုလုပ်လေ့ရှိပါတယ်။ ထန်းပင်ကို အမျိုးမျိုးအသုံးချကြပါတယ်။ ထန်းလုံးများနဲ့ မြို့ရိုးတည်ခဲ့သောသမိုင်းလည်း ရှိခဲ့ပါတယ်။

ကျွန်မတို့ မြန်မာ့တိုင်းရင်းသားရိုးရာအစားအစာများဟာ အလွန်နှစ်သက်စရာကောင်းလှပါတယ်။ ရိုးရာဓလေ့ထုံးစံအရပြုလုပ်တဲ့ ဆယ့်နှစ်လရာသီပွဲတော်များ၊ တိုင်းရင်းသားရိုးရာပွဲတော်များမှာလည်းရိုးရာအစားအစာများကိုထည့်သွင်းပြုလုပ်လေ့ရှိကြပါတယ်။ ချစ်စရာကောင်းတဲ့ မြတ်နိုးစရာကောင်းတဲ့ ဂုဏ်ယူစရာကောင်းတဲ့ ရိုးရာအစားအစာများကို များများဖော်ထုတ်နိုင်ဖို့လိုအပ်ပါတယ်။ မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံထုတ်ကုန်များအဖြစ် ကောင်းမွန်စွာထုတ်လုပ်စေချင်ပါတယ်။

အခုဆိုလျှင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို မြန်မာနိုင်ငံ၏ ပထမဦးဆုံးကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ယူနက်စကိုက ဆုံးဖြတ်ပေးခဲ့ပါပြီ။ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာကပိုမိုသိရှိလာပါတော့မယ်။ မြန်မာကိုလည်း အလေးထားလာပါတော့မယ်။ မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေအဖြစ်ပေးနိုင်ပါပြီ။ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နဲ့အတူ မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး စသော ရိုးရာအစားအစာများသည်လည်း ပွဲလယ်တင့်တော့မှာဖြစ်ပါတယ်။ ကျွန်မတို့မြန်မာတွေဟာ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို အလွန်အလေးထားမြတ်နိုးကြပါတယ်။ မြန်မာလူမျိုးသာမက နိုင်ငံခြားသားများပါ နှစ်သက်မြတ်နိုးစွာပါဝင်ဆင်နွှဲလေ့ရှိပါတယ်။ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားပြီး ရေရှည်တည်တံ့စေရန် မြတ်နိုးစွာထိန်းသိမ်းစောင့်ရှောက်ကြစေချင်ပါတယ်။ မြန်မာ့အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ နိုင်ငံသားအားလုံးရဲ့ အမျိုးသားရေးတာဝန်ဖြစ်တဲ့အတွက် ဒီတာဝန်ကို ကျွန်မတို့နိုင်ငံသားတိုင်း ကျေပွန်စွာထမ်းဆောင်ကြပါစို့လို့ ရေးသားတင်ပြလိုက်ရပါတယ်။ ။




**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ BankAccount များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့အား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို လက်ခံတွေ့ဆုံ



ထားဝယ် ဇန်နဝါရီ ၂၁

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကိုသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ဒေသတွင်းခရီးသွားလုပ်ငန်းကဏ္ဍ၊ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်အတွင်းရှိ ထင်ရှားပြီး ခရီးသွားဆွဲဆောင်မှုနေရာများဖြစ်သော ပင်လယ်ကမ်းခြေများနှင့် ကျွန်းများ၏ အခြေအနေ၊ ပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်မှု၊ မြိတ်ကျွန်းစုပင်လယ်ပြင်အတွင်းရှိ ကျွန်းများပေါ်တွင် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များမှ ရင်းနှီးမြှုပ်နှံဆောင်ရွက်ထားကြသည့်ဟိုတယ်စီမံကိန်း လုပ်ငန်းများ၏အခြေအနေတို့ကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ ထားဝယ်အထူးစီးပွားရေးဇုန်ဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

❐ စာမျက်နှာ ၁၅ မှအဆက်

စဉ်းစားဉာဏ်ကင်းမဲ့သော လူမဆန်သည့်လက်နက်အားကိုးအကြမ်းဖက်လုပ်ရပ်ပင်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်တွင် ဖြေဆိုရမည့် အဝေးသင်တက္ကသိုလ် တတိယအသုတ်စာမေးပွဲကိုလည်း ကျင်းပနိုင်ခြင်းမရှိတော့ဘဲ လွိုင်ကော်တက္ကသိုလ်ကြီးကို ပိတ်ခဲ့ရသည်မှာ ယနေ့ထိပင်ဖြစ်ပြီး အဆိုပါဖြစ်ရပ်ကို သိရှိကြသည့် ကမ္ဘာ့ပညာတတ်အသိုင်းအဝိုင်းအနေဖြင့် ရင်ထုမနာစိတ်မကောင်းဖြစ်နေကြမည်မှာ အသေအချာပင်ဖြစ်ကြောင်း။

အခုအခါ လွိုင်ကော်မြို့၏အခြေအနေမှာ တည်ငြိမ်မှုရှိနေပြီဖြစ်သည့်အတွက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ကစပြီး လွိုင်ကော်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့ကို ပြန်လည်ဖွင့်လှစ်ပေးပြီး ဒေသခံ ကျောင်းသား၊ ကျောင်းသူများ စဉ်ဆက်မပြတ် ပညာသင်ယူမှုအခွင့်အရေး မဆုံးရှုံးအောင်ဆောင်ရွက်ပေးခဲ့ကြောင်း။

ဝိဇ္ဇာသိပ္ပံဘာသာရပ်များကို သင်ယူဆည်းပူးနိုင်သည့်နေ့သင်တန်းနှင့်အဝေးသင်တက္ကသိုလ်သင်တန်းများ တက်ရောက်ရန် အခက်အခဲကြုံတွေ့နေသည့် ကျောင်းသား၊ ကျောင်းသူထောင်ပေါင်းများစွာအတွက် **“လွိုင်ကော်တက္ကသိုလ် အမြန်ဆုံးပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရေး”**ကို ယနေ့အစည်းအဝေးက ညှိနှိုင်းဆွေးနွေးပေးကြရမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနက လွိုင်ကော်တက္ကသိုလ်ပျက်စီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြန်လည်ပြုပြင်နိုင်မည့် အခြေအနေနှင့် ခန့်မှန်းကုန်ကျစရိတ်တွက်ချက်တင်ပြရန်ဖြစ်ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လွိုင်ကော်တက္ကသိုလ်ကို အထူးကိစ္စတစ်ရပ်အနေဖြင့် ပြန်လည်ပြုပြင်နိုင်ရန် ရန်ပုံငွေထုတ်ယူသုံးစွဲနိုင်မှုအခြေအနေကို ရှင်းလင်းဆွေးနွေးပေးရန်ဖြစ်ကြောင်း၊ နယ်မြေလုံခြုံရေးနှင့် အုပ်ချုပ်မှုကိစ္စများကို ကယားပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြပြီး ပံ့ပိုးပေးရန် မှာကြားလိုကြောင်း။

နိုင်ငံတော်၏အနာဂတ်ကို ပညာနှင့်သာတည်ဆောက်ရမည်ဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များမွေးထုတ်နိုင်ရန်၊ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ပညာရပ်များကို စဉ်ဆက်မပြတ် ဆည်းပူးလေ့လာနိုင်ရန် လွိုင်ကော်တက္ကသိုလ်ကို မဖြစ်မနေပြန်လည်ပြင်ဆင်ပြီး အမြန်ဆုံးပြန်လည်ဖွင့်လှစ်သွားကြရမည်မှာ နိုင်ငံတော်၏ တာဝန်ဖြစ်ကြောင်း၊ ထို့ကြောင့်နိုင်ငံတော်၏ အနာဂတ်တွင် အားထားရမည့် ကျောင်းသားလူငယ်များအတွက် လွိုင်ကော်တက္ကသိုလ် ပြန်လည်ပြုပြင်ပြီး အမြန်ဆုံးဖွင့်လှစ်နိုင်ရေးကို စိတ်စေတနာအပြည့်နှင့် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးမှုကြောင့် လွိုင်ကော်တက္ကသိုလ်၏ ၃ ထပ်ပင်မဆောင်၊ ၂ ထပ် ဘွဲ့နှင်းသဘင်ခန်းမ၊ ၂ ထပ် စာသင်ဆောင်များ၊ ရေသန့်စနစ်နှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ ၂ ထပ် ဆရာ၊ ဆရာမများဆောင်၊ အရာရှိအိမ်ရာ၊ ၄ ခန်းတွဲ ၂ ထပ် ဝန်ထမ်းအိမ်ရာများ၊ ၄ ခန်းတွဲ ၄ ထပ်၊ ၈ ခန်းတွဲ ၂ ထပ် ဝန်ထမ်းအိမ်ရာများ၊ ပါမောက္ခချုပ်နေအိမ်၊ ဒုတိယပါမောက္ခချုပ်နေအိမ်များ၊ ၂ ထပ် ကျောင်းသား၊ ကျောင်းသူဆောင်များ၊ အားကစားရုံနှင့် အားကစားခန်းမ၊ ၂ ထပ် စာကြည့်တိုက်များ၊ ၂ ထပ် ကျောင်းသား၊ ကျောင်းသူနားနေဆောင် ပျက်စီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လွိုင်ကော်တက္ကသိုလ် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထူးကိစ္စရပ်အနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ဥပဒေနှင့်အညီ ထုတ်ယူသုံးစွဲနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် လွိုင်ကော်တက္ကသိုလ် ပျက်စီးမှုနှင့် ပြုပြင်ဆောင်ရွက်ရမည့်အခြေအနေ၊ လက်ရှိ နယ်မြေဒေသလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ် ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရာတွင် ပြုပြင်ရေးလုပ်ငန်းများနှင့်အတူ စီမံအုပ်ချုပ်ရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်သွားမည့်အခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများတွင် နည်းပညာပိုင်းဆိုင်ရာ၊ အရည်အသွေး၊ စံချိန်စံညွှန်းပိုင်းဆိုင်ရာ ပြည့်မီစေရေး ပံ့ပိုးဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက လွိုင်ကော်တက္ကသိုလ် အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင်ဦးစားပေးလုပ်ဆောင်ရမည့်လုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းသက်သာစွာရရှိရေးနှင့် သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အကြမ်းဖက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများကြောင့် ဘေးသင့်ခဲ့ရမှုများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ သဘာဝဘေးအန္တရာယ်ဆိုသည့် သတ်မှတ်ချက်အတွင်း အကျုံးဝင်ပါကြောင်း၊ လွိုင်ကော်တက္ကသိုလ် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို အထူးကိစ္စရပ်အနေဖြင့်ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်မှာကြားထားပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာရန်ပုံငွေကို သုံးစွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အခါတွင်လည်း လုပ်ငန်းများအချိန်မီပြီးစီးရေးနှင့် တက္ကသိုလ်၏ လိုအပ်ချက်များကိုက်ညီရန်အတွက် ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ကယားပြည်နယ်အစိုးရအဖွဲ့တို့အနေဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေးပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍရပ်တစ်ခုအနေဖြင့်အရေးပါသည့် လွိုင်ကော်တက္ကသိုလ် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေး အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## လွိုင်ကော်တက္ကသိုလ်၏ အဆောက်အဦများ ပျက်စီးမှု အခြေအနေ




| စဉ် | အဆောက်အဦအမည် | အတိုင်းအတာ | အရေအတွက် | ခန့်မှန်းကုန်ကျငွေ (ကျပ်သိန်း) | စုစုပေါင်းကုန်ကျငွေ (ကျပ်သိန်း) |
|---|---|---|---|---|---|
| ၁ | ၃ထပ် ပင်မဆောင် | ၄၀၀'×၈၃' | ၁ | ၃၀၀ | ၃၀၀.၀၀၀ |
| ၂ | ၂ထပ် ဘွဲ့နှင်းသဘင်ခန်းမ | ၁၈၈'×၁၆၄' | ၁ | ၃၀၀ | ၃၀၀.၀၀၀ |
| ၃ | ၂ထပ် စာသင်ဆောင် | ၂၀၈'×၃၈' | ၁၂ | ၅၀ | ၆၀၀.၀၀၀ |
| ၄ | ၂ထပ် ဆရာ/မများဆောင် (အဟောင်း) | ၁၀၀'×၃၀' | ၂ | ၅၀ | ၁၀၀.၀၀၀ |
| ၅ | ၂ထပ် ဆရာ/မများဆောင် (အသစ်) | ၁၅၈'×၃၀' | ၂ | ၅၀ | ၁၀၀.၀၀၀ |
| ၆ | ၁ထပ် အရာရှိအိမ်ယာ | ၄၀'×၃၀' | ၂ | ၁၀ | ၂၀.၀၀၀ |
| ၇ | ၄ခန်းတွဲ ၂ထပ် ဝန်ထမ်းအိမ်ယာ | ၉၆'×၂၅' | ၆ | ၂၀ | ၁၂၀.၀၀၀ |
| ၈ | ၄ခန်းတွဲ ၄ထပ် ဝန်ထမ်းအိမ်ယာ | ၁၀၀'×၃၀' | ၁ | ၅၀ | ၅၀.၀၀၀ |
| ၉ | ၈ခန်းတွဲ ၂ထပ် ဝန်ထမ်းအိမ်ယာ | ၁၀၈'×၂၇' | ၄ | ၅ | ၂၀.၀၀၀ |
| ၁၀ | ၂ထပ် ပါမောက္ခချုပ်နေအိမ် (အသစ်တည်ဆောက်ခြင်း) | ၄၀'×၃၄' | ၁ | ၂၀၀ | ၂၀၀.၀၀၀ |
| ၁၁ | ၂ထပ် ဒုတိယပါမောက္ခချုပ်နေအိမ် | ၄၀'×၃၄' | ၂ | ၂၀ | ၄၀.၀၀၀ |
| ၁၂ | ၂ထပ်(ကယားသခင်,ကယားချေယ်ရီ)ကျောင်းသူများဆောင် | ၂၄၀'×၁၉၄' | ၂ | ၁၀၀ | ၂၀၀.၀၀၀ |
| ၁၃ | ၂ထပ်(လောပီတ)ကျောင်းသားများ ဆောင် | ၂၄၀'×၁၉၄' | ၁ | ၁၀၀ | ၁၀၀.၀၀၀ |
| ၁၄ | ၁ထပ် အားကစားရုံ | ၁၂၀'×၉၀' | ၁ | ၂၀ | ၂၀.၀၀၀ |
| ၁၅ | ၂ထပ် ပွဲကြည့်စင်နှင့် ဘောလုံးကွင်း | ၁၅၀'×၃၄' | ၁ | ၂၀ | ၂၀.၀၀၀ |
| ၁၆ | ၂ထပ် စာကြည့်တိုက် | ၉၀'×၃၀' | ၁ | ၅၀ | ၅၀.၀၀၀ |
| ၁၇ | ၂ထပ် ကျောင်းသား/သူနာနေဆောင် (RC) | ၈၀'×၃၂' | ၁ | ၅၀ | ၅၀.၀၀၀ |
| ၁၈ | ၆ခန်းတွဲ ၁ထပ် စားသောက်ဆိုင်ခန်းများ | ၁၂၀'×၃၅' | ၁ | ၂၀ | ၂၀.၀၀၀ |
| ၁၉ | (315) KVA Transformer & Accessaries | လုပ်ငန်း တစ်ရပ် | ၂ | ၅၀ | ၁၀၀.၀၀၀ |
| ၂၀ | M&E (internal and External lines) | လုပ်ငန်း တစ်ရပ် | | ၁၀၀ | ၁၀၀.၀၀၀ |
| ၂၁ | မှန်များနှင့် ကျောင်းပတ်လည် ခြံစည်းရိုးကာရံပေးခြင်း | ၆၀၀၀ ပေရှည် | | ၁၀၀ | ၁၀၀.၀၀၀ |
| | စုစုပေါင်း | | | | ၂,၆၁၀.၀၀၀ |

၃

❐ **စာမျက်နှာ ၁၂ မှအဆက်**

အကြမ်းဖက်အဖွဲ့တို့သည် စစ်ရေးပစ်မှတ်မဟုတ်သည့် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ကို မိုက်မိုက်မဲမဲ မဆင်မခြင် လက်နက်ကြီးလက်နက်ငယ်များနှင့်ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးအဖွဲ့များကို လည်းသာလွန်အင်အားများဖြင့်အလုံးအရင်းဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ကြကြောင်း၊ ထိုသို့ စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် တက္ကသိုလ်၏ပညာရေးဆိုင်ရာအဆောက်အဦများကို အဆင်အခြင်ကင်းမဲ့စွာ ဖျက်ဆီးခဲ့ကြကြောင်း၊ အဆိုပါတက္ကသိုလ်ကြီးတွင် တာဝန်ထမ်းဆောင်နေသည့် ပါမောက္ခချုပ်အပါအဝင် ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်း ၁၃၂ ဦးနှင့်အတူ မှီခိုသူ မိသားစုဝင် ၆၄ ဦး၊ စုစုပေါင်း ၁၉၆ ဦးနှင့် ကျောင်းသားများကို အသုတ်လိုက် အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ခေါ်ဆောင်သွားခြင်းခံခဲ့ရကြောင်း၊ ထိုသို့တိုက်ပွဲဖြစ်ပွားချိန်တွင် ဆရာ၊ ဆရာမများအနေဖြင့် နီးစပ်ရာစာသင်ခန်းများ၊ နေအိမ်များတွင် ကြောက်လန့်တကြား ပုန်းအောင်းနေထိုင်ခဲ့ကြရကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ ထိခိုက်ဒဏ်ရာမရရှိစေရေး၊ ဘေးကင်းလုံခြုံစေရေးကို အဓိကထားဆောင်ရွက်ခဲ့သည့်အပြင် ကယားပြည်နယ်၏အဆင့်မြင့်ပညာသင်ကြားရာ လွိုင်ကော်တက္ကသိုလ်၏ ပင်မဆောင်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ စာသင်ဆောင်များကို တန်ဖိုးထားပြီး ထိန်းထိန်းသိမ်းသိမ်း တုံ့ပြန်ခဲ့ကြကြောင်း၊ သို့သော် KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့သည် စစ်ရေးပစ်မှတ်မဟုတ်သည့် နိုင်ငံအတွက် တန်ဖိုးထားအပ်သော အရပ်ဘက်ပညာရေးဆိုင်ရာအဆောက်အဦများကို ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းများ၊ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများကို အသက်အန္တရာယ်ဖုန်မှ ကင်းလွတ်ရာနေရာသို့ ထွက်ခွာခွင့်ပြုရမယ့်အစား အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ပြီး လူသားဒိုင်းအဖြစ် အသုံးချခဲ့ခြင်းများသည် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းပင် ဖြစ်ကြောင်း။

လက်နက်ဟူ၍ အပ်တိုတစ်ချောင်း တောင်မရှိသည့် မြေဖြူသာရှိသောအပြစ်မဲ့ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ နိုင်ငံ့အနာဂတ်အတွက် အားကိုးအားထားပြုရမည့် ကျောင်းသား၊ ကျောင်းသူများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် နိုင်ငံတော်၏အနာဂတ်ကို ရိုက်ချိုးဖျက်ဆီးသည့်

**စာမျက်နှာ ၁၄ သို့** ❐





၁၃-၇-၂၀၂၄ ရက်နေ့တွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် လွိုင်ကော်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအား ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။





KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အတွင်းစီးနင်းဝင်ရောက်မှုအား အွန်လိုင်းအထောက်အထား ဓာတ်ပုံများမှတစ်ဆင့်တွေ့မြင်ရစဉ်။





လွိုင်ကော်တက္ကသိုလ်၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်လူမှုရေးအသင်းအဖွဲ့များက သန့်ရှင်းရေးဆောင်ရွက်စဉ်။

# နယ်စပ်ဒေသတွင်ဖြစ်ပွားလျက်ရှိသည့် တရားမဝင်လူကုန်ကူးမှုများ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုများပပျောက်ရေးအတွက် နှစ်နိုင်ငံအစိုးရနှင့်တပ်မတော်အကြား ပူးပေါင်းဆောင်ရွက်သင့်သည့်ကိစ္စရပ်များဆွေးနွေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် Army Operations Center၊ Neighboring Countries Coordination Center(NCCC)ဌာန တာဝန်ခံ General Direk Bongkarn တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

☆ **ရှေ့ဖုံးမှအဆက်**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား ခေါင်းဆောင်များနှင့် အဆင့်မြင့်တပ်မတော်အရာရှိကြီးများ အချင်းချင်းဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အဆင့်အလိုက်အစည်းအဝေးများ နှစ်စဉ်အောင်မြင်စွာကျင်းပနိုင်မှုအခြေအနေများ၊ နယ်စပ်ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် တရားမဝင်လူကုန်ကူးမှုများ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုများ ပပျောက်ရေးအတွက် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်အကြား ပူးပေါင်းဆောင်ရွက်သင့်သည့် ကိစ္စရပ်များ၊ ထိုင်းနိုင်ငံမှ မြန်မာရေပိုင်နက်အတွင်း တရားမဝင်ငါးဖမ်းလှေနှင့်လှေလုပ်သားများအပေါ် မြန်မာနိုင်ငံမှ အရေးယူထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်လိုသည့် အစီအစဉ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့် တပ်မတော်အရာရှိကြီးများ ချစ်ကြည်ရေးခရီးများ လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး၊ အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့်အတူ ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ်စစ်သံမှူး Senior Colonel Thanwit Yomchinda(တန်ဝစ်ယုံချင်ဒါ) တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပပြုလုပ်




ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mongkol Visitstump တို့ ထိုင်းဘုရင့်တပ်မတော်နေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၁**

ထိုင်းဘုရင့်တပ်မတော်နေ့အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီလ ၂၀ ရက်နေ့ ညပိုင်းတွင် ရန်ကုန်မြို့၊ Novotel Hotel ၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Mongkol Visitstump၊ (ကြည်း၊ ရေ၊ လေ၊ ရဲ) စစ်သံမှူးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နှစ်နိုင်ငံနိုင်ငံတော်သီချင်းများဖွင့်၍ အလေးပြုကာ ဖွင့်လှစ်ကြသည်။ ထို့နောက် သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းဘုရင့်တပ်မတော်ဆိုင်ရာ ဗီဒီယိုပြသမှုအား ကြည့်ရှုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် ထိုင်းနိုင်ငံသံအမတ်ကြီးတို့က အထိမ်းအမှတ်ကိတ်မုန့်လှီးဖြတ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြပြီး သရုပ်ပြဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးကြကာ စစ်သံမှူး Senior Colonel Thanwit Yomchinda က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**မြစ်ကြီးနား ဇန်နဝါရီ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေးသွားလာနိုင်ရန် ရည်ရွယ်၍ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီလ ၂၁ ရက် နံနက်ပိုင်းတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဆွေနှင့်တာဝန်ရှိသူများက မော်ဖောင်းကျေးရွာအုပ်စု မော်ဖောင်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ ခရိုင်ဦးစီးမှူး ဦးအောင်မြင့်ထွန်း၊ မြို့နယ်ဦးစီးမှူးနှင့်အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာမှတာဝန်ရှိသူများနှင့်အတူ မော်ဖောင်းကျေးရွာ၌ အရှည် ၅ ဒသမ ၆ ဖာလုံ၊ အကျယ် ၁၆ ပေ၊ ထု ၇ လက်မရှိ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မော်ဖောင်းကျေးရွာရှိ အဆိုပါကွန်ကရစ်လမ်းကို ပြည်နယ်(ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေ အသုံးပြု၍ ၂၀၂၄ ခုနှစ် ဇွန်လစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ၏ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ချိုသန်းညွှန့် (ကျေးလက်)

# ဥပဒေအသိပညာပေးဟောပြောပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်

နေပြည်တော်  ဇန်နဝါရီ ၂၂

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင်တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး နေပြည်တော်ပြင်ပဌာနများမှ ဝန်ထမ်းများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက “ဥပဒေကို မသိ၍ ပြစ်မှုကျူးလွန်ခဲ့သည်”ဆိုသောအဖြစ်မျိုး မဖြစ်စေရေးအတွက် နိုင်ငံသားတိုင်း ဥပဒေနှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတရရှိစေရေး လိုအပ်သည်ဖြစ်ရာ အခြေခံအားဖြင့် မိမိတို့နိုင်ငံတွင် ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည့် ဥပဒေများအနက် သိသင့်သိထိုက်သော ဥပဒေများ၏ သတ်မှတ်ပြဋ္ဌာန်းချက်များကို မှတ်သားသိရှိနေရန်လိုအပ်ကြောင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးအဆင့်ဆင့်၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့်လည်း သက်ဆိုင်ရာတည်ဆဲဥပဒေများ၊ ဥပဒေပြဋ္ဌာန်းချက်များကို သိရှိလိုက်နာရန်လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေအသိရှိသူများ ပေါ်ထွန်းလာစေရေးတို့အတွက် ယနေ့ဟောပြောပွဲမှရရှိခဲ့သည့် ဥပဒေဆိုင်ရာ အသိပညာဗဟုသုတများကို မိမိတို့၏နိုင်ငံနှင့်ဌာနအတွက် လက်တွေ့ကျကျ ကောင်းစွာအသုံးချသွားကြရန်နှင့် “ဥပဒေဘောင်အတွင်း နေထိုင်ခြင်း၊ ဘေးကင်းရန်ကွာ ပြည်သာယာ” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျင့်ကြံနေထိုင်သူများ ဖြစ်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရှိ ဥပဒေအရာထမ်းများက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတော်အစိုးရ လျှို့ဝှက်ချက် အက်ဥပဒေ၊ ရာဇသတ်ကြီးဥပဒေနှင့် ဆက်သွယ်ရေးဥပဒေ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များအပါအဝင် နိုင်ငံသားတိုင်း၊ နိုင်ငံ့ဝန်ထမ်းတိုင်း အခြေခံအားဖြင့် သိသင့်သိထိုက်သည့် ဥပဒေများအကြောင်း ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။

အဆိုပါဟောပြောပွဲကို နိုင်ငံ့ဝန်ထမ်းများ ဥပဒေဆိုင်ရာ အခြေခံသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ပြီး စည်းကမ်းရှိသော နိုင်ငံသားများဖြစ်စေရန်နှင့် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီး၌ ပေးအပ်သည့်တာဝန်များကို ဥပဒေနှင့်အညီ စနစ်တကျကျေပွန်စွာ ထမ်းဆောင်နိုင်သော နိုင်ငံ့ဝန်ထမ်းများ ဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ(၁/၂၀၂၄-၂၀၂၅)အစည်းအဝေးကျင်းပ




နေပြည်တော်  ဇန်နဝါရီ ၂၂

စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၄-၂၀၂၅)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကဏ္ဍအလိုက်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် စီးပွားရေးရာဝန်ကြီးများ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စာရင်းအင်းပညာဌာန ပါမောက္ခ၊ မြန်မာနိုင်ငံစာရင်းအင်းပညာအသင်းဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏ စီးပွားရေးတွင် လယ်ယာ၊ သားငါး၊ စက်မှုစသည့် ထုတ်လုပ်မှုကဏ္ဍများ၏ စာရင်းများ တိကျမှန်ကန်မှုရှိရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ဧက၊ ရိတ်သိမ်းဧက၊ အထွက်နှုန်း၊ စားသုံးမှု၊ ပြည်ပတင်ပို့မှု၊ လက်ကျန်ပမာဏ စသည့်စာရင်းအင်းကိန်းဂဏန်းများသည် အမှန်တကယ်မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း၊ ထို့အတူ ပြည်ပကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ ငွေကြေးနှင့် လူမှုရေးဆိုင်ရာစာရင်းများအားလုံး ပြည့်စုံမှန်ကန်မှသာ နိုင်ငံ၏စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)ကို မှန်ကန်စွာ တွက်ချက်နိုင်မည်ဖြစ်ပြီး နှစ်အလိုက် အမျိုးသားစီမံကိန်းများ၊ ရည်မှန်းချက်များကို ထိရောက်အောင်မြင်စွာ ရေးဆွဲချမှတ်အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်းကို နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတို့တွင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ကောက်ယူခဲ့ကြောင်း၊ နိုင်ငံ၏ MSMEs ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးနိုင်ရေး၊ MSMEs နှင့်ပတ်သက်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်နိုင်ရေးအတွက် စစ်တမ်းရလဒ်များသည် မှန်ကန်ပြည့်စုံမှုရှိရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လက်ရှိဖြစ်ပေါ်နေသော အခြေခံစားသောက်ကုန်ပစ္စည်းဈေးနှုန်းများ၊ ဈေးကွက်အတွင်း ကုန်စည်စီးဆင်းမှု၊ စိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်း၊ စားသုံးမှု၊ လက်ကျန်စသည့် ကိန်းဂဏန်းအချက်အလက်များ ကောက်ယူတင်ပြရာတွင် မှန်ကန်မှုရှိရေး အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း။

သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူရာတွင် သက်ဆိုင်ရာဌာနအလိုက် အခြေခံစာရင်းများရှိမှသာ ပျက်စီးဆုံးရှုံးမှုစာရင်းနှင့်တန်ဖိုးများကို ပြုစုတွက်ချက်နိုင်မည်ဖြစ်၍ ဌာန၊ အဖွဲ့အစည်းအားလုံးက အခြေခံစာရင်းများကို ပြည့်စုံမှန်ကန်စွာ ပြုစုထားရန်နှင့် ပုံမှန် Update ပြုလုပ်ရန် လိုအပ်ကြောင်း၊ ကောက်ယူရာတွင်လည်း တူညီသည့် Format နှင့် စာရင်းများကောက်ယူပြီး One Mechanism, One Data, One Source ဖြစ်စေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ချက်ချင်း၊ ကာလတို၊ ကာလလတ်နှင့် ကာလရှည် အစီအမံများရေးဆွဲအကောင်အထည်ဖော်နိုင်ရန်အတွက် ပျက်စီးဆုံးရှုံးမှုစာရင်းအင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရေးသည် အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၃) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ စာရင်းအင်းကဏ္ဍအလိုက် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာသူများက စာရင်းအင်းအချက်အလက်မှန်ကန်ရေး၊ အရည်အသွေးပြည့်ဝရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win receives delegation led by General Direk Bongkarn of Office of Commander-in-Chief of Royal Thai Army

NAY PYI TAW January 21

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win received a delegation led by General Direk Bongkarn, Chairman of the Advisory Board of Office of Commander-in-Chief of Royal Thai Army and Head of Army Operations Center of Neighboring Countries Coordination Center(NCCC), at the parlour of Bayintnaung Yeiktha here this afternoon.



Vice-Senior General Soe Win receives General Direk Bongkarn, Chairman of the Advisory Board of Office of Commander-in-Chief of Royal Thai Army and Head of Army Operations Center of Neighboring Countries Coordination Center(NCCC).

At the meeting, views on the improving diplomatic relations and friendship between the two countries and armed forces, enhancing relations and cooperation between the military leaders and senior military officers of both countries, successful holding of level-wise annual meetings between the two militaries, the need to forge government-to-government and military-to-military cooperation in eradicating human trafficking and online scamming at the border, Myanmar's legal action against illegal trawler and its fishermen of Thailand who fished illegally in Myanmar waters and the desired process, exchange of information for stability of border areas, exchange of friendly visits between the senior military officers of both armed forces and promotion of cooperation were cordially exchanged.

After the meeting, Vice-Senior General Soe Win and General Direk Bongkarn exchanged commemorative gifts and posed for group photos.

Also present together with the Vice-Senior General were Chief of General Staff (Army,Navy and Air) Lt-Gen Kyaw Swa Lin and senior military officers from the Office of the Commander-in-Chief. The Thai General was accompanied by senior military officers from Royal Thai Armed Forces and Thai Military Attache (Army) Senior Colonel Thanwit Yomchinda.

**100**

## Ayadaw Township completes cultivation of black gram

AYADAW January 21

Statistics of Monywa District Agriculture Department stated that a total of 2,309 acres of black gram has been planted in Ayadaw Township of Sagaing Region this cold season.

In 2024-2025 financial year, the township planned to grow 3,050 acres of black gram but local farmers have so far planted 2,309 acres of black gram.

Daw San San Myint, Head of Monywa District Agriculture Department disclosed: "We planned to grow more than 3,000 acres of black gram, more than 2,000 acres of which has been planted in Ayadaw Township. Local farmers and departmental officials are striving to meet the target cultivation. We helped local farmers with necessary technologies, quality seeds, pesticides and fertilizers."

The department arranges provision of suitable quality strains of crops, agricultural techniques, prevention of pests, systematic use of fertilizers and pests for boosting per-acre yield.

This year, relevant officials from the Township Agriculture Department distribute quality seeds of crops, agricultural inputs, and post-harvest technology to local farmers in order to increase per-acre yield of crops. **SK**

## 67,857 acres of crop varieties earmarked to grown in Thegon Township

THEGON January 21

With the aim of increasing local farmers' income and ensuring food security, 67,857 acres of crop varieties have been earmarked to plant this winter crop growing season.

A total of 67,857 acres of crop varieties including 4,666 acres of groundnut, 2,339 acres of sesame, 114 acres of winter sunflower, 3,6261 acres of bean varieties, 6,228 acres of corn, 4,032 acres of sugarcane, 421 acres of onion, 207 acres of chili, 11,290 acres of vegetable and 271 acres of flower varieties will be grown in Thegon Township of Bago Region this year's winter crops growing season, according to the Township Agriculture Department.

In order to achieve high yield, officials from the Agricultural Advisory Committee and the Township Agriculture Departments are making field trips and providing farmers with necessary assistance such as agricultural techniques, methods of planting and prevention of pest infestation in the Township. **SK**

# Farmers plant more than 15,000 acres of winter sesame in Dabayin Township



DABAYIN January 21

The statistics of YeU District Agriculture Department mentioned that a total of 15,593 acres of winter sesame were planted in Dabayin Township of Sagaing Region this year.

In 2024-2025 winter, local authorities set a plan to grow 15,845 acres of winter sesame but farmers have so far planted 15,593 acres of winter sesame against the target cultivation.

U Zaw Myint Tun, Head of YeU District Agriculture Department commented: "Farmers planted 15,593 acres of winter sesame against the target of 15,845 acres of crops. They are striving for cultivation of winter sesame to meet the target cultivation. Sown acreage of sesame is on the rise yearly with success."

This year, officials of Township Agriculture Department urged local farmers to expand sown acreage of sesame and use GAP system for boosting per-acre yield of crops.

The crops planted in GAP system can produce quality crops and fetch higher prices in the domestic and foreign markets. Hence, local farmers growing crops in GAP system can enjoy socio-economic development of their families. **SMK**

# More than 4,000 acres of lablab bean planted in Myinmu Township this cold season

MYINMU January 21

Local farmers have planted 4,808 acres of lablab bean in Myinmu Township of Sagaing Region this cold season, according to the statistics of Sagaing District Agriculture Department.

In 2024-2025 cold season, Myinmu Township earmarked cultivation of 4,885 acres of lablab bean but farmers could plant 4,808 acres of the bean against the target cultivation.

Daw Thida Lwin, Head of Sagaing District Department of Agriculture clarified: "This year, local authorities set a plan to grow 4,885 acres of lablab bean in Myinmu Township. But, farmers planted 4,808 acres of beans. Our department helped local farmers with quality strains of crops, agricultural inputs and post-harvest technology to minimize loss and waste of the bean."

Officials of the Township Department of Agriculture encourage local farmers in growing lablab bean to expand sown acreage, boost per-acre yield, use GAP system and quality seeds of crops and grow high yield strains.

The corps planted in GAP system can have higher quality of crops, fetching higher prices and are able to be exported to foreign market. Due to higher quality of crops, local farmers can have better benefits.

**SK**

# Khamti Township finishes cultivation of peanut on more than 1,600 acres of croplands



KHAMTI January 21

According to Khamti Township Department of Agriculture, local farmers have grown 1,605 acres of peanut as a cold season crop in Khamti Township of Sagaing Region.

Stating from October, local farmers planted peanut on 1,605 acres exceeding the target of 750 acres of crops in the township in 2024-2025 cold season.

Daw Su Su Khaing, Head of Khamti Township Agriculture Department stated: Local authorities earmarked cultivation of 750 acres of peanut in Khamti Township this cold season. But farmers have planted 1,605 acres of peanut exceeding the target cultivation. Now, peanut plantations are thriving in the farms. Local farmers do not grow peanut in monsoon but in cold season."

Farmers need to use 1.5 baskets of peanut seas per acre in cultivation. They cost more than Ks-200,000 per acre for quality seeds, labour charges, fertilizers and pesticides. Each acre of crop yields more than 50 baskets of peanut.

This year, officials of the Township Agriculture Deparment helped local farmers thrive crops, prevent pests and weed crop plantations on their field trips. **SK**

# Mawlaik District completes cultivation of canola and niger this winter

MAWLAIK January 21

According to Mawlaik District Agriculture Department, farmers have planted canola and niger on 6,174 acres of croplands in Mawlaik District of Sagaing Region this year.

In 2024-2025 winter, authorities earmarked cultivation of 6,256 acres of canola and niger in the district but farmers planted 6,174 acres of these crops starting from October.

Daw Kywe Kywe Hlaing, Head of Mawlaik District Agriculture Department unveiled: "Our district grows niger and canola yearly. These crops can be extracted as oil as well as traditional medicines. This cold season, local authorities earmarked cultivation of 6,256 acres of niger and canola in Mawlaik District. So far, local farmers have planted 6,174 acres of these crops. They continue cultivation of crops to meet the target cultivation."

This year, Mawlaik Township planted 455 acres of canola and 1,599 acres of niger while Phaungpyin Township cultivated 1,992 acres of canola and 2,128 acres of niger, totalling 6,174.

In 2024-2025 winter, Mawlaik Township earmarked 464 acres of canola and 1,629 acres of niger whereas Phaungpyin Township 1,992 acres of canola and 2,171 acres of niger, totalling 6,256 acres.

Local farmers of Mawlaik Township grow canola and niger yearly. In Sagaing Region, Katha and Kawlin districts grow large sown acres of canola and niger.

**SMK**

# Hotel fire in Turkish ski resort leaves 66 dead, 51 injured



Hotel fire in Turkish ski resort leaves 66 dead, 51 injured.

ANKARA January 21

A fire at the Grand Kartal Hotel in the northwestern Turkish ski resort in Kartalkaya, Bolu Province, early Tuesday killed 66 people and injured 51, Interior Minister Ali Yerlikaya said.

The fire broke out at 3:27 a.m. local time (0027 GMT) in the 12-story hotel, which was hosting more than 230 guests during a busy holiday period.

"Firefighting teams had to approach from the sides and front of the building due to the terrain," Yerlikaya told a press briefing at the scene. He added that authorities had detained four individuals following the fire.

Turkish President Tayyip Erdogan has vowed that those responsible for the fire would be held accountable.

Initial investigations suggest the fire started in the fourth-floor restaurant area before spreading upwards, according to Bolu Provincial Governor Abdulaziz Aydin.

Footage circulating on social media showed what appeared to be guests using bed linen to escape from windows.

Health Minister Kemal Memisoglu said one of the injured remains in critical condition, while the others are expected to be discharged soon. "Medical teams are providing the necessary support, and we are closely monitoring the situation," he said.

Culture and Tourism Minister Mehmet Nuri Ersoy said the hotel underwent fire safety inspections in both 2021 and 2024 and had all necessary certifications.

Kartalkaya is a popular ski resort in the Koroglumountains, some 300 kilometers east of Istanbul.

**Xinhua**

# Israel says launching raids in West Bank's Jenin amid Gaza ceasefire

JERUSALEM January 21

Israeli forces said on Tuesday they had launched a military operation in the northern occupied West Bank, targeting what they described as militant activity.

"Forces have initiated a counterterrorism operation in Jenin," the military and Shin Bet domestic security agency said in a joint statement.

No further details were immediately available.

Israel's Haaretz newspaper reported that Israel had asked the Palestinian Authority's security services to withdraw from Jenin before its forces entered.

Al-Quds Brigades, the military wing of the Palestinian Islamic Jihad movement, said in a statement that it had repelled Israel's attack on the West Bank on Tuesday.

Israel has stepped up raids in the West Bank since launching its retaliatory assault on Gaza on October 7, 2023.

The operation comes two days after a ceasefire took effect in Gaza, putting a pause to more than 15 months of deadly Israeli-Palestinian violence.

**Xinhua**

# 16 killed, 10 injured in Indonesia's Central Java flash floods, landslides

JAKARTA January 21

Flash floods and landslides in Pekalongan Regency, located in Central Java province, have killed at least 16 people, with three individuals still missing and 10 others injured, Indonesia's National Disaster Management Agency (BNPB) said on Tuesday.

Fadia Arafiq, regent of Pekalongan, said that although several sub-districts experienced similar events, Petungkriono was the hardest hit.

"Heavy rain with high intensity and strong winds from Monday night to Tuesday morning caused flash floods and landslides in Petungkriono Sub-district," said Fadia.

Evacuations are still underway, with search and rescue personnel facing roadblocks caused by the disasters. Authorities have urged people to exercise caution and stay clear of rivers. **Xinhua**


16 killed, 10 injured in Indonesia's Central Java flash floods, landslides.

# Japan sees record surge in mycoplasma pneumonia cases

TOKYO January 21

Japan is experiencing a significant rise in mycoplasma pneumonia cases, with patient numbers reaching the highest levels for this time of year in the past decade.

According to the National Institute of Infectious Diseases, the weekly average number of mycoplasma pneumonia patients per reporting medical institution reached 1.11 as of January 12, an increase of 0.34 from the previous week and the highest for this period in a decade.

Mycoplasma pneumonia, a common infection among children, causes symptoms such as fever, fatigue, headaches, and persistent coughing. In severe cases, it can lead to pneumonia and require hospitalization.

Meanwhile, erythema infectiosum, which begins with cold-like symptoms followed by red rashes on the cheeks, is also on the rise. Reports from approximately 3,000 medical institutions nationwide showed an average of 0.94 cases per facility in the same week compared with 0.78 from the previous week.

Experts stressed the importance of infection prevention measures, including wearing masks, as influenza also remains widespread.

**Xinhua**

# Singapore tightens screen time rules for children

SINGAPORE January 21

Singapore has introduced stricter measures to regulate screen use among children in schools and preschools as part of a broader multi-ministry health initiative launched on Tuesday.

From Febuary 1, preschools will enforce updated rules banning screen use for children under 18 months and limiting it to teaching and learning purposes for those aged 18 months to six years, according to a joint statement by the Ministry of Health, the Ministry of Education, and the Ministry of Social and Family Development.

Educators will also be guided to prioritize "meaningful experiences" over sedentary activities such as prolonged screen time and sitting.

Primary and secondary schools have implemented similar measures, requiring students to store their phones in designated areas during lessons and restricting device use to specific times and locations, such as during recess or after school.

The Ministry of Health has also revised its recommendations for parents, advising less than one hour of screen time per day for children aged three to six and less than two hours for those aged seven to 12, excluding schoolwork. Parents are urged to limit children's access to mobile devices and social media.

These measures are part of Grow Well SG, a new national health promotion strategy launched by the three ministries. The initiative focuses on promoting healthier lifestyles and preventive care for children, emphasizing improved nutrition, sleep habits, learning experiences, and physical activity.


Research shows that excessive screen time can harm children's cognitive development, language skills, mental wellbeing, and physical health, the statement said.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Navigating the Digital Landscape: The Internet, Social Media, and You



In the vast realm of the internet and social media, you are both a consumer and a contributor. What you post online forms your digital footprint, a narrative that can impact future opportunities such as college admissions or job prospects. Equally important is the need to balance your engagement with the digital world with real-world interactions and activities. Striking this balance is key to harnessing the power of the internet responsibly, maintaining a positive online presence, and ensuring your overall wellbeing.




The digital world is an integral part of our lives today. It has created opportunities, facilitated learning, and connected people from various corners of the world. However, this extensive network – the internet and social media – also comes with challenges that need your understanding and attention.

**Understanding the Internet & Social Media**

The internet is like a giant library with infinite shelves, where each website is a book. You have access to an unprecedented amount of information – a privilege and a responsibility. Remember, not everything you come across on the internet is accurate or reliable. It’s essential to learn to identify and rely on trusted sources, especially for academic or health-related information.

Social media, a key component of the internet, is where we spend a significant chunk of our time. Platforms like Facebook, Instagram, Twitter, Snapchat, TikTok, and many more have reshaped the way we communicate and share information. They enable us to connect with friends, express our opinions, and engage with the world.

**Watchful Use of Apps**

While these apps offer an array of features, they also come with issues such as misinformation, privacy concerns, and cyberbullying. Misinformation, for instance, spreads rapidly on apps like Facebook and Twitter. You should always cross-verify the information before accepting or sharing it.

Popular apps like Snapchat and Instagram, while fun and engaging, may pose threats to your privacy. Be mindful of the personal information you share and adjust your privacy settings accordingly.

Newer platforms, like TikTok, can be enticing due to their engaging and creative content. But remember, they’re not devoid of the issues mentioned above. Always approach them with a level of caution and responsibility.

**The Power of Your Digital Footprint**

What you post online is part of your ‘digital footprint.’ Colleges and future employers often look at your online presence during the admission or hiring process. A negative post or comment, even if it was made in jest or in the heat of the moment, could come back to haunt you. Be thoughtful and respectful in what you post, comment, and share. Your digital footprint should reflect who you are and who you aspire to be.

**Balancing Screen Time**

While the internet and social media provide immense value, it’s also crucial to moderate your screen time. Extended screen time can lead to a lack of physical activity, sleep deprivation, and even impact your mental health.

Consider setting a limit on your daily social media usage. Make use of built-in digital wellbeing tools in your smartphones, such as Screen Time on iOS and Digital Wellbeing on Android, to monitor and control your usage.

Prioritize activities that involve physical movement and social interaction in the real world. Try to strike a healthy balance between your digital and physical worlds.

**Technology is a tool**

The internet and social media are tools. Like any tool, their value depends on how you use them. They can be your gateways to knowledge, opportunities, and global connections if used wisely. Be a savvy user: double-check information, respect privacy, be mindful of your digital footprint, and balance your screen time. In the ever-evolving digital landscape, these habits will serve as your compass, ensuring you benefit from the internet and social media while mitigating their potential drawbacks.

**Youth Time Magazine**

# A new factory in the UK will build electric powertrains for Nissan

News to make any Nissan-Honda merger taste much sweeter landed recently. Nissan Sunderland’s now getting its EV powertrains built on its doorstep, following a £50 million investment into a new factory.

The site is the first European home for Nissan’s EV powertrain supplier Japan Automatic Transmission Co (handily abbreviated to JATCO) and is based a stone’s throw from the Nissan plant at the International Advanced Manufacturing Park in the north east of England. JATCO's hoping to knock out 340,000 of its three-in-one powertrains a year from 2026.

Nissan produced 324,893 cars in 2023, so that figure will be more than enough when they're all operating at full power.

Though, there's been a well-publicised slowdown in UK appetite for fully electric vehicles of late. The Society of Motor Manufacturers and Traders (SMMT) sales figures recorded a 25 per cent fall in EVs to private buyers last year.

Nonetheless, the mood is still positive. Mike Hawes, SMMT chief, said: “This latest investment is excellent news for the UK automotive sector, its workforce and, in particular, its supply chain.

"Amid intense global competition for investment, it demonstrates the UK’s strengths in advanced automotive manufacturing, strengths which can be further boosted by an ambitious industrial and trade strategy that delivers even more jobs and growth for the sector and the economy as a whole.”

**TG**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ်ပြည့်စုံလင်းတပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တွင်လိုက်ပါလာသည့်ပါရဂူများ၊ဆေးမှူးများနှင့်သူနာပြုများပါဝင်သောနယ်လှည့်အထူးကုဆေးအဖွဲ့များက တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဆေးကုသရေးအဖွဲ့များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တွင် လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များက တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၁**

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် အခြေပြု၍ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၈၀၇ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၂၇ ဦး၊ ခွဲစိတ်ရောဂါ ၆၂ ဦး၊ သားဖွား/မီးယပ်ရောဂါ ၆၇ ဦး၊ ကလေးရောဂါ ၁၀၅ ဦး၊ အရိုးရောဂါ ၇၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၁ ဦး၊ မျက်စိရောဂါ ၁၅၈ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၇၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၈ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၂ ဦး၊ ခတ်မှန်ရိုက်လူနာ ၁၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၀ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်လူနာ၄ဦးတို့ကိုနီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးကုသမှုခံယူနေသည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများပြောကြားသည်။

ထို့နောက် တိုင်းမှူးက ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့က တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်တွင် မွေးဖွားခဲ့သော မောင်ညီလွင်ပိုင်အား ဆေးဝါးနှင့်စားသောက်ဖွယ်ရာများပေးအပ်ကာ မျက်စိခွဲစိတ်ကုသမှုခံယူပြီးသည့် လူနာများအား မျက်မှန်များတပ်ဆင်ပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-





"ကျွန်မတို့ ဝန်ထမ်းလောကပဲဖြစ်ဖြစ် အရပ်သားတွေပဲဖြစ်ဖြစ်၊ ဒေသခံတွေပဲဖြစ်ဖြစ် တစ်ခါတစ်ရံမှာ ကိုယ်ဖြစ်နေတဲ့ရောဂါကို ဘာရောဂါမှန်းလည်းမသိဘူး။ ကိုယ်ဖြစ်နေတဲ့ရောဂါကိုသိပြန်တော့လည်း ကုသရမယ့်အခက်အခဲတွေ၊ ကျန်းမာရေး၊ သွားလာရေး၊ ငွေရေးကြေးရေးအခက်အခဲတွေရှိပါတယ်ရှင်။ အခုလို သံလွင်သင်္ဘောကြီးလာရောက်ပြီး ဆေးကုသမယ်လို့သိရတဲ့အချိန်မှာ ကျွန်မတို့ဘက်က ဝမ်းသာပီတိလည်းအရမ်းဖြစ်ရပါတယ်ရှင်။ ကျွန်မတို့ဆီကို အခုလို သံလွင်သင်္ဘောကြီးနဲ့ လှိုင်းဒဏ်၊ လေဒဏ်၊ မိုးဒဏ်တွေကို မကြောက်မရွံ့ဘဲလာရောက်ဆေးကုပေးတဲ့အဖွဲ့တွေနဲ့ ဆေးကုသဖို့စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့သက်ဆိုင်ရာတာဝန်ရှိသူတွေအားလုံးကို ကျွန်မတို့ဒေသခံတစ်ယောက်အနေနဲ့သော်လည်းကောင်း၊ ဝန်ထမ်းတစ်ယောက်အနေနဲ့သော်လည်းကောင်း အထူးပဲကျေးဇူးတင်ရှိပါတယ်ရှင်" ဟု ပြောသည်။

"ကျွန်တော်တို့ဒေသမှာတော့ လမ်းပန်းဆက်သွယ်မှုက အားနည်းနေတဲ့အတွက် ဒီလိုမျိုးဆေးကုသမှုတွေလာတဲ့အတွက် ကျွန်တော်တို့ကျေးရွာတွေမှာတော်တော်လေးလည်းအဆင်ပြေပါတယ်။ ကျွန်းစုကိုလာမယ်ဆိုရင် ကျွန်တော်တို့နေရာက ဆိုင်ကယ်နဲ့ဆို နှစ်နာရီလောက်လာရပါတယ်။ လှေနဲ့သွားမယ်ဆိုရင်လည်း မြိတ်





ကို တစ်နာရီကျော်လောက်မောင်းရပါတယ်။ အခုလိုမျိုး ကျွန်တော်တို့ကိုလာရောက်ကုသပေးတဲ့အတွက်လည်း အများကြီးငွေကြေးအားဖြင့်ရော သွားရလာရတဲ့လမ်းခရီးရဲ့ပင်ပန်းဆင်းရဲမှုတွေကိုရော အားလုံးကောင်းသွားပါတယ်။ ငွေကြေးလည်း အများကြီးသက်သာပါတယ်။ ပြီးရင်ဆေးကုမှုက အပြင်မှာကုသရတာနဲ့မတူပါဘူး။ တစ်နေရာတည်းမှာ အများကြီးရောဂါစုံကိုကုရတဲ့အတွက် ပိုပြီးအဆင်ပြေပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ အရာရှိ၊ အရာခံတွေရော လာရောက်ကုပေးတဲ့အဖွဲ့တွေနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးတဲ့သူတွေအားလုံးကို ကျေးဇူးတင်ကြောင်းပြောလိုပါတယ်"ဟု ပြောသည်။

(၁၀၀)

# ရုရှားသမ္မတပူတင်နှင့်ဖုန်းမှတစ်ဆင့်ပြောဆိုဆွေးနွေးရန် ထရမ့်ကအကြံပေးများကိုညွှန်ကြား



**မော်စကို၊ နိုင်ငံရေး**

အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရမ့်သည် ကျမ်းသစ္စာကျိန်ဆိုပွဲအပြီး မကြာမီရက်ပိုင်းအတွင်း ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဖုန်းမှတစ်ဆင့်ပြောဆိုဆွေးနွေးရန် ၎င်း၏အကြံပေးများကို ညွှန်ကြားခဲ့ကြောင်း အမေရိကန်အစိုးရအဖွဲ့မှ အရင်းအမြစ်များကိုကိုးကား၍ မီဒီယာတစ်ခုက ဖော်ပြသည်။


နှစ်နိုင်ငံခေါင်းဆောင်များကြား လုပ်ဆောင်မည့် အဆိုပါဖုန်းခေါ်ဆိုမှုသည် နှစ်နိုင်ငံစလုံးမှ နိုင်ငံရေးသမားများကြား ယူကရိန်းပဋိပက္ခအဆုံးသတ်ရေးနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးရန် ဖြစ်နိုင်ဖွယ်ရှိကြောင်း မီဒီယာတွင် ဆက်လက်ဖော်ပြထားသည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲကို မကြာမီလပိုင်းအတွင်းကျင်းပမည့် အလားအလာရှိကြောင်းသိရသည်။

သို့ရာတွင် နှစ်နိုင်ငံစလုံးမှ နိုင်ငံရေးသမားများကြား တွေ့ဆုံမည့်နေ့ရက်သတ်မှတ်ရေးအတွက် နှစ်ဖက်စလုံးက သဘောတူညီချက်ချမှတ်နိုင်ခြင်းရှိ၊ မရှိကိုမူ မသိရသေးပေ။

ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့အနေဖြင့် မကြာမီရက်ပိုင်း သို့မဟုတ် ရက်သတ္တပတ်များအတွင်း ဖုန်းမှတစ်ဆင့်ပြောဆိုနိုင်ဖွယ်ရှိသည်ဟု အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးအဖြစ်ခန့်အပ်ခြင်းခံထားရသူ မိုက်ဝေါ့ဇ်က ဇန်နဝါရီလအစောပိုင်းတွင်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref: Sputnik**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အမေရိကန်ပြည်ထောင်စုနုတ်ထွက်မည်ဟု ထရမ့်ကြေညာခြင်းအပေါ် စိတ်မကောင်းဖြစ်မိဟုဆို




**ဂျနီဗာ၊ ကျန်းမာရေး**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အမေရိကန်ပြည်ထောင်စုနုတ်ထွက်မည်ဟု သမ္မတ ဒေါ်နယ်ထရမ့်ကကြေညာခဲ့ခြင်းအပေါ် စိတ်မကောင်းဖြစ်မိကြောင်း အဆိုပါအဖွဲ့ကြီးက ဇန်နဝါရီလ ၂၁ ရက်တွင်ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်သမ္မတ ထရမ့်အနေဖြင့် ၎င်း၏ဆုံးဖြတ်ချက်ကို ပြန်လည်စဉ်းစားမည်ဟုမျှော်လင့်မိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် အပြုသဘောဆောင်သည့် တွေ့ဆုံဆွေးနွေးခြင်းမှတစ်ဆင့် အမေရိကန်နှင့်မိတ်ဖက်ပူးပေါင်းခြင်းကို ဆက်လက်ထိန်းသိမ်းရန် မျှော်လင့်ထားကြောင်း ၎င်းအဖွဲ့က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အမေရိကန်ပြည်သူများ၏ ချမ်းသာသုခအပါအဝင် တစ်ကမ္ဘာလုံး၏ကျန်းမာရေးနှင့်ဘေးကင်းရေးကို စောင့်ရှောက်ရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ယင်းအဖွဲ့ကြီးကအလေးပေးပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အားတည်ထောင်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၄၈ ခုနှစ်မှစ၍ အဖွဲ့ဝင် ၁၉၃ နိုင်ငံနှင့်အတူ အဖွဲ့ကြီး၏အုပ်ချုပ်မှုနှင့် အဖွဲ့ကြီးအား ပုံဖော်ရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့သည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်းသိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အမေရိကန်ပြည်ထောင်စုနုတ်ထွက်သည့် အမိန့်ကြေညာချက်အား ထရမ့်က ဇန်နဝါရီလ ၂၀ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

**Ref: Xinhua**

# TikTok ဝန်ဆောင်မှုများ ပိတ်ပစ်မည့်အစီအစဉ်အား ထရမ့် ၇၅ ရက်ကြာဆိုင်းငံ့




**ဝါရှင်တန်၊ နည်းပညာ**

တရုတ်ဆိုရှယ်မီဒီယာ ပလက်ဖောင်းတစ်ခုဖြစ်သည့် TikTok ဝန်ဆောင်မှုများကို တားမြစ်ပိတ်ပင်မည့်အစီအစဉ်အား အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ရက်ပေါင်း ၇၅ ရက်ကြာ ဆိုင်းငံ့လိုက်ကြောင်းသိရသည်။

အမေရိကန်ပြည်ထောင်စုတွင် TikTok ဝန်ဆောင်မှုများ ဆက်လက်ပေးအပ်နိုင်ရေးနှင့်စပ်လျဉ်း၍ ထရမ့်အနေဖြင့် ၎င်း၏အစိုးရအဖွဲ့က သင့်လျော်သည့်လမ်းကြောင်းအတိုင်း ဆက်လက်ဆုံးဖြတ်ခွင့်ပြုထားပြီး TikTok အပလီကေးရှင်းသည် အမေရိကန်၏စည်းမျဉ်းများကိုချိုးဖောက်ခဲ့ခြင်းမရှိကြောင်း ရှင်းလင်းပြောကြားထားသည့်စာများကို TikTok ၏ လုပ်ဖော်ကိုင်ဖက်ကုမ္ပဏီများဖြစ်သည့် Apple၊ Google နှင့် Oracle ကဲ့သို့သောကုမ္ပဏီများထံသို့ပေးပို့ရန် အမေရိကန်တရားရေးဝန်ကြီးဌာနအား ဇန်နဝါရီလ ၂၀ ရက်တွင် ညွှန်ကြားခဲ့ကြောင်း သိရသည်။

TikTok ဝန်ဆောင်မှုများသည် အမေရိကန်ပြည်ထောင်စုတွင် ၁၄ နာရီကြာ ရပ်ဆိုင်းသွားခဲ့ပြီးနောက် ဇန်နဝါရီလ ၁၉ ရက်တွင် ဝန်ဆောင်မှုများပြန်လည်စတင်ခဲ့ခြင်းဖြစ်သည်။

TikTok ကုမ္ပဏီသည်အမေရိကန်ပြည်ထောင်စုတွင် နှစ်ပေါင်းများစွာကြာလည်ပတ်လျက်ရှိပြီး အမေရိကန်ပြည်သူများကြား အလွန်အရေးပါလျက်ရှိကြောင်းသိရသည်။

**Ref: Xinhua**

## နိုင်ငံတကာသတင်းတိုကဏ္ဍ

# အင်ဒိုနီးရှားနိုင်ငံတွင် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွား၊ အနည်းဆုံး လူ ၁၆ ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိ

အင်ဒိုနီးရှားနိုင်ငံ ဗဟိုဂျာဗားပြည်နယ်တွင် ရေကြီးမှုနှင့်မြေပြိုမှုများဖြစ်ပွားရာ အနည်းဆုံးလူ ၁၆ ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုအေဂျင်စီက ဇန်နဝါရီလ ၂၁ ရက်တွင် ထုတ်ပြန်သည်။

ရေကြီးမှုနှင့်မြေပြိုမှုများသည် ပီကာလွန်ဂန်ဒေသတွင် ဖြစ်ပွားခြင်းဖြစ်ပြီး ပီတွန်ခရီယိုနီခရိုင်ခွဲသည်သဘာဝဘေးဒဏ်အဆိုးရွားဆုံးခံစားခဲ့ရခြင်းဖြစ်ကြောင်း၊ ခရိုင်ခွဲအတွင်း၌ ဇန်နဝါရီလ ၂၀ ရက်မှ ၂၁ ရက်အထိ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများလည်း တိုက်ခတ်ခဲ့ကြောင်းသိရသည်။

ရေကြီးမှုနှင့်မြေပြိုမှုများအတွင်း လူသုံးဦးပျောက်ဆုံးလျက်ရှိပြီး အာဏာပိုင်များက ဒေသခံပြည်သူများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေး၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုလုပ်ဆောင်လျက်ရှိသည်။

**Ref: Xinhua**

# တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်းရှိ ဟိုတယ်တစ်ခုတွင် မီးလောင်ကျွမ်း၊ အနည်းဆုံး ၆၆ ဦးသေဆုံးပြီး ၅၁ ဦးဒဏ်ရာရရှိ

တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း ဘိုလူပြည်နယ်ရှိ ဟိုတယ်တစ်ခုတွင် ဇန်နဝါရီလ ၂၁ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားရာ အနည်းဆုံး လူ ၆၆ ဦး သေဆုံးပြီး ၅၁ ဦးဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဝန်ကြီး အလီ ယာလီကာယာကပြောသည်။

မီးလောင်ကျွမ်းမှုသည် နှင်းလျှောစီးအပန်းဖြေစခန်းဖြစ်သည့် ဘိုလူကာတာယာကာရှိ ဟိုတယ်ရှိ စားသောက်ဆိုင်တွင် ဒေသစံတော်ချိန် နံနက် ၃ နာရီ မိနစ် ၃၀ ခန့်ကဖြစ်ပွားခြင်းဖြစ်သည်။ မီးလောင်ကျွမ်းမှုသည် နောက်ပိုင်းတွင် ဟိုတယ်တစ်ခုလုံးသို့ လျင်မြန်စွာကူးစက်ပျံ့နှံ့သွားခြင်းဖြစ်ကြောင်းသိရသည်။

မီးလောင်မှုဖြစ်ပွားပြီးနောက် အခင်းဖြစ်ပွားရာသို့ အာဏာပိုင်အဖွဲ့က မီးသတ်တပ်ဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးအဖွဲ့များနှင့် ဆေးကုသရေးအဖွဲ့များကို စေလွှတ်ခဲ့သည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားရသည့်အကြောင်းရင်းကို အတိအကျမသိရသေးသော်လည်း အာဏာပိုင်အဖွဲ့က စုံစမ်းစစ်ဆေးမှုများကိုဆက်လက်လုပ်ဆောင်လျက်ရှိကြောင်းသိရသည်။

**Ref: Xinhua**

# အာဖဂန်နစ္စတန်နှင့် အမေရိကန်တို့ကြား အကျဉ်းသားအပြန်အလှန်လဲလှယ်

အာဖဂန်နစ္စတန်နှင့် အမေရိကန်တို့ကြား အကျဉ်းသားအပြန်အလှန်လဲလှယ်ခဲ့ကြောင်း အာဖဂန်ယာယီအစိုးရအဖွဲ့၏ နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၂၁ ရက်တွင် ထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နှင့် အမေရိကန်တို့ကြား အပြုသဘောဆောင်သည့် စေ့စပ်ဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် အာဖဂန်အစိုးရက ၎င်းတို့ထိန်းသိမ်းထားသည့် အမေရိကန်နိုင်ငံသားများကို ပြန်လွှတ်ပေးခဲ့ပြီး အမေရိကန်အစိုးရကလည်း အာဖဂန်အကျဉ်းသားတစ်ဦးဖြစ်သူ ခန်းမိုဟာမက်ကို အာဖဂန်နစ္စတန်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့်ကြေညာချက်တွင်ဖော်ပြသည်။

ခန်းမိုဟာမက်သည် အာဖဂန်နစ္စတန်အရှေ့ပိုင်း နန်ဂါဟာပြည်နယ်တွင် လွန်ခဲ့သည့်ဆယ်စုနှစ်နှစ်စုအတွင်း ဖမ်းဆီးခံရခြင်းဖြစ်ပြီး အမေရိကန်ပြည်ထောင်စုတွင် တစ်သက်တစ်ကျွန်းပြစ်ဒဏ်ကျခံနေရသူဖြစ်ကြောင်းသိရသည်။

**Ref: Xinhua**

# ၂၀၂၄ ခုနှစ်တွင် ရုရှားမှတရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ရည်တင်ပို့မှု ၃ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်




၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံမှတရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ရည်တင်ပို့မှုသည် ၂၀၂၃ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း တရုတ်အထွေထွေအကောက်ခွန်စီမံခန့်ခွဲရေးအဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လက်ရှိတွင် ရုရှားနိုင်ငံသည် တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့ရည်တင်ပို့နေသည့် နိုင်ငံများအနက်တတိယနေရာတွင်ရပ်တည်နေခဲ့ပြီး ရေနံစိမ်းတင်ပို့မှုတွင် ထိပ်တန်းနိုင်ငံဖြစ်လာခဲ့ကြောင်း တရုတ်အထွေထွေအကောက်ခွန်စီမံခန့်ခွဲရေးအဖွဲ့က ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမ ၁၀ လအတွင်းမှာပင် ရုရှားနိုင်ငံမှ ရေနံစိမ်းတစ်ရက်လျှင် စည်ပေါင်း ၂ ဒသမ ၁၇ သန်းတင်ပို့ခဲ့ရာ ယင်းပမာဏသည် ပြီးခဲ့သည့်နှစ်ကပမာဏနှင့်နှိုင်းယှဉ်ပါက ၂ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်လာသည်။

ရုရှားနှင့်တရုတ်နိုင်ငံတို့သည် စွမ်းအင်တင်သွင်းမှုကို ဆိုက်ဘေးရီးယားပိုက်လိုင်းမှတစ်ဆင့် တိုးမြှင့်လုပ်ဆောင်လျက်ရှိသည့်အပြင် မွန်ဂိုလီးယားမှတစ်ဆင့် တင်ပို့နိုင်ရန် စီစဉ်လျက်ရှိကြောင်း ရုရှားအစိုးရက အစောပိုင်းတွင်ထုတ်ပြန်ထားသည်။

လာမည့် ၂၀၃၀ ပြည့်နှစ်ခန့်တွင် ရုရှားနိုင်ငံမှ တရုတ်သို့တင်ပို့သည့် သဘာဝဓာတ်ငွေ့ပမာဏကို တစ်နှစ်လျှင် ၈၅ ဘီလီယံကုဗမီတာအထိ တိုးမြှင့်ရန်စီစဉ်ထားသည်။ တရုတ်နိုင်ငံသို့ သဘာဝဓာတ်ငွေ့တင်ပို့ရာတွင် ပိုက်လိုင်းများမှသော်လည်းကောင်း၊ လောင်စာဆီတင်သင်္ဘောများဖြင့် သော်လည်းကောင်း လုပ်ဆောင်ရန်စီစဉ်လျက်ရှိသည်။

တရုတ်နိုင်ငံသည် လက်ရှိတွင် ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့အများစုကို ဆိုက်ဘေးရီးယားပိုက်လိုင်းမှတစ်ဆင့် တင်သွင်းလျက်ရှိပြီး ၂၀၂၅ ခုနှစ်တွင် နိုင်ငံအတွင်းသို့ သဘာဝဓာတ်ငွေ့တင်သွင်းနိုင်မှုပမာဏကို တိုးမြှင့်ရန် ကြိုးပမ်းလျက်ရှိသည်။

N.A

# ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လုပ်မှု လျှော့ချနိုင်ရေးအတွက် ရေနံထုတ်ကုန်များအပေါ် အခွန်ကောက်ခံရန် ထိုင်းအတည်ပြု

ထိုင်းနိုင်ငံတွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လုပ်မှုကို လျှော့ချနိုင်ရေးအတွက် ရေနံထုတ်ကုန်များအပေါ် အခွန်ကောက်ခံရန် အစိုးရက ဇန်နဝါရီလ ၂၁ ရက်တွင် အတည်ပြုလိုက်သည်။

အစိုးရ၏ဆောင်ရွက်ချက်သည်သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုစေရန်ရည်ရွယ်ခြင်းဖြစ်ပြီး နိုင်ငံတကာနှင့် ကုန်သွယ်ရေးစေ့စပ်ညှိနှိုင်းမှုများလုပ်ဆောင်ရာတွင် နိုင်ငံ၏ ပြိုင်ဆိုင်မှုကို တိုးမြှင့်စေရန်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ပီချိုင် ချွန်ဟာဝါဂျီရာက ကြေညာချက်တွင် ပြောကြားသည်။

သဘာဝအရင်းအမြစ်မလုံလောက်မှုနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် ကျရောက်လာသည့် သက်ရောက်မှုများသည် ထိုင်းနိုင်ငံအတွက် အရေးတကြီးရင်ဆိုင်ဖြေရှင်းရမည့်ကိစ္စရပ်များဖြစ်သည်။

လက်ရှိ ထိုင်းနိုင်ငံအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လုပ်မှုစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့်သည် မော်တော်ကားများနှင့် စက်မှုလုပ်ငန်းများမှဖြစ်ပြီး ၎င်းတို့ကို အစိုးရက အဓိကပစ်မှတ်ထားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ပီချိုင် ချွန်ဟာဝါဂျီရာက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် လာမည့် ၂၀၆၅ ခုနှစ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်ခြင်းမရှိသည့် နိုင်ငံအဖြစ်တက်လှမ်းနိုင်ရန် မျှော်မှန်းထားသည်။

N.A



# ကမ္ဘာ့တစ်ခုတည်းသော ရုရှားရေပေါ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံက တစ်နာရီလျှင် ကီလိုဝပ်တစ်ဘီလီယံကို ထုတ်လုပ်




ရုရှားနိုင်ငံ၏ကမ္ဘာပေါ်တွင်တစ်ခုတည်းသောလည်ပတ်နေသည့် ရေပေါ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံသည် တစ်နာရီလျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်တစ်ဘီလီယံကို ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံပိုင် Rosatom နျူကလီးယားကော်ပိုရေးရှင်းကထုတ်ပြန်သည်။

Akademik Lomonosov ဟုအမည်ပေးထားသည့် အဆိုပါရေပေါ် ဓာတ်အားထုတ်လုပ်ရေးစက်ရုံသည် ရုရှားအရှေ့ဖျားဒေသရှိ ချူကော့တာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌တည်ရှိပြီး လက်ရှိတွင် အပူနှင့်လျှပ်စစ်စွမ်းအားကို ထုတ်လုပ်ပေးနေသည့် ကမ္ဘာကြီး၏မြောက်ဘက်အကျဆုံးသောစက်ရုံအဖြစ် ရပ်တည်လျက်ရှိသည်။

၎င်းစက်ရုံမှထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားပမာဏ၏ ၆၀ ရာခိုင်နှုန်းကျော်ကို အရှေ့ဖျားဒေသ၏ စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

Akademik Lomonosov ဓာတ်အားထုတ်လုပ်ရေးစက်ရုံသည် ရုရှားနျူကလီးယားစွမ်းအင်သုံး ရေခဲခွဲသင်္ဘောများတွင် အသုံးပြုသည့် နည်းပညာကိုအသုံးပြုထားပြီး လောင်စာအဖြစ် အဆင့်နိမ့်သန့်စင်ထားသည့် ယူရေနီယံကိုအသုံးပြုထားခြင်းဖြစ်သည်။ ၎င်းစက်ရုံသည် အလျား ၁၄၄ မီတာ၊ အကျယ် ၃၀ မီတာရှိသည်။

အဆိုပါဓာတ်အားထုတ်လုပ်ရေးစက်ရုံကို ရုရှားနိုင်ငံက အာတိတ်ဒေသနှင့် အရှေ့ဖျားဒေသများရှိဝေးလံသီခေါင်သော ဆိပ်ကမ်းမြို့ကြီးများရှိ စက်မှုဇုန်ကြီးများသို့ ဓာတ်အားပေးနိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်သည်။

N.A

# ကမ္ဘောဒီးယားနိုင်ငံ၏ ကားတာယာတင်ပို့မှု ၂၀၂၄ ခုနှစ်အတွင်း စံချိန်တင်အဖြစ် ၁၂၉ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်

ကမ္ဘောဒီးယားနိုင်ငံ၏ မော်တော်ကားတာယာတင်ပို့မှုသည် ၂၀၂၄ ခုနှစ်အတွင်း စံချိန်တင်အဖြစ် ၁၂၉ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း အကောက်ခွန်အာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ကားတာယာတင်ပို့မှုသည် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ်တွင် ဒေါ်လာ ၈၇၄ ဒသမ ၆ သန်းအထိမြင့်တက်လာခဲ့ပြီး ၂၀၂၃ ခုနှစ်ကရရှိခဲ့သည့် ပမာဏနှင့်နှိုင်းယှဉ်ပါက ၁၂၉ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ဒေါ်လာ ၃၈၀ ဒသမ ၆ သန်းတန်ဖိုးရှိကားတာယာများကို တင်ပို့နိုင်ခဲ့သည်။

ကားတာယာတင်ပို့မှုမြင့်တက်လာခြင်းသည် နိုင်ငံ၏ပို့ကုန်မြှင့်တင်ရေးကြိုးပမ်းမှုများ အောင်မြင်ခဲ့ခြင်းကြောင့်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံ၏ တရုတ်၊ တောင်ကိုရီးယား၊ အာရပ်စော်ဘွားများပြည်ထောင်စုတို့နှင့် နှစ်နိုင်ငံကြား လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီချက်များချမှတ်နိုင်ခြင်းကြောင့်ဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနကပြောသည်။

လက်ရှိတွင်ကမ္ဘောဒီးယားနိုင်ငံအတွင်း၌ အထူးစက်မှုဇုန်ကြီးများတွင် ကားတာယာထုတ်လုပ်ရေးစီမံကိန်း ခြောက်ခုကို ဖော်ဆောင်လျက်ရှိသည်။

တစ်ချိန်တည်းမှာပင် ကမ္ဘောဒီးယားနိုင်ငံသည် လျှပ်စစ်စက်ဘီးများအပါအဝင် ဒေါ်လာ ၄၂၆ ဒသမ ၉ သန်း တန်ဖိုးရှိစက်ဘီးများကို ပြီးခဲ့သည့်နှစ်အတွင်းက တင်ပို့နိုင်ခဲ့သည်။

N.A



# အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ (၃၈)ကြိမ်မြောက် အစည်းအဝေးကျင်းပ





နေပြည်တော် ဇန်နဝါရီ ၂၁

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ (၃၈)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ အာမခံလုပ်ငန်းကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အာမခံကုမ္ပဏီများအနေဖြင့် အာမခံအမျိုးအစားများကို ဝင်ငွေနည်းပြည်သူများ အာမခံဝန်ဆောင်မှုပေးနိုင်ရေးဆောင်ရွက်ရန်နှင့် အာမခံဝန်ဆောင်မှုပေးရာတွင် သတ်မှတ်ထားသည့် ဥပဒေစည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် မြန်မာနိုင်ငံအာမခံဈေးကွက်အတွင်းရှိ အာမခံလုပ်ငန်း လုပ်ကိုင်သူများ၏ ဘဏ္ဍာရေးခိုင်မာမှုရှိစေရန်လိုက်နာရမည့် ညွှန်ကြားချက်သုံးခုကို ထုတ်ပြန်ခဲ့ကြောင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် အများပြည်သူကျန်းမာရေးစောင့်ရှောက်မှုအကာအကွယ်ပေးနိုင်ရန်အတွက် ကျန်းမာရေး အာမခံ၊ ပြင်းထန်သော ရောဂါကုသမှုအာမခံနှင့်လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုအာမခံများ ရောင်းချခွင့်ပြုခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူးက (၃၇)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ယခုအစည်းအဝေးတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ဆွေးနွေးဆုံးဖြတ်ရမည့်အာမခံအမျိုးအစားသစ်များဖြစ်သည့် ပြည်ပပါဆယ်အာမခံအမျိုးအစားသစ်၊ ဖုန်းမျက်နှာပြင်အာမခံအမျိုးအစားသစ်၊ အသေးစားကျန်းမာရေးအာမခံနှင့် အသက်အာမခံအမျိုးအစားများဖြစ်သော တစ်မူထူးခြားသည့် ထပ်ပေါင်းစုဆောင်း အသက်အာမခံ ၅/၃ အာမခံအမျိုးအစားသစ်၊ ပြင်းထန်ရောဂါထပ်တိုးအစီအစဉ်သစ်နှင့် လုံခြုံချေးငွေအသက်အာမခံအမျိုးအစားသစ် စုစုပေါင်းအာမခံအမျိုးအစားသစ်ခြောက်မျိုးတို့ကို ရှင်းလင်းတင်ပြရာ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးအကြံပြုတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏အာမခံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အာမခံအမျိုးအစား (၆၀)ကိုလည်း ခွင့်ပြုထားပြီး နိုင်ငံခြားအာမခံကိုယ်စားလှယ်ရုံး ၂၉ ခု၊ အာမခံလျော်ကြေးတွက်ချက်သည့် Adjuster & Surveyors ကုမ္ပဏီ ငါးခု၊ ကော်ပိုရိတ်အာမခံကိုယ်စားလှယ် ၅၈ ခု၊ တစ်ဦးချင်းအာမခံကိုယ်စားလှယ်စုစုပေါင်း ၁၉၂၃၄ ဦး၊ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်စင်တာ တစ်ခုနှင့် ဌာနတွင်းအာမခံကိုယ်စားလှယ်သင်တန်းကျောင်း ၂၅ ခုတို့ကို ခွင့်ပြုထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

# (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (ဒုတိယနေ့) ဆက်လက်ကျင်းပ




ရန်ကုန် ဇန်နဝါရီ ၂၁

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်-၅ ဗိုလ်ကလမ်းရှိဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ဆက်လက်ကျင်းပရာ သုတေသနစာတမ်းရှင်များက သုတေသနစာတမ်းစုစုပေါင်း ၂၉ စောင်ကို ဖတ်ကြားတင်ပြကြသည်။

နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အတိုင်ပင်ခံဆရာဝန်ကြီး၊ အထူးကုဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀)မှ အတိုင်ပင်ခံဆရာဝန်ကြီး၊ နေပြည်တော် အမှတ်(၂) တပ်မတော်ဆေးရုံကြီးမှ သမားတော်၊ မကွေးတိုင်းပြည်သူ့ဆေးရုံကြီးမှ အတိုင်ပင်ခံဆရာဝန်ကြီး၊ ရန်ကုန်သူနာပြုသင်တန်းကျောင်း နည်းပြ၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် သုတေသနမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ်မှ ဘွဲ့လွန်သင်တန်းသား၊ သင်တန်းသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ကျန်းမာရေးမှူးများ၊ အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး)မှ လက်ထောက်ကထိကတို့က သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုကြသည်။

မွန်းလွဲပိုင်းတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(သူနာပြု)၊ ဆေးဝါးတက္ကသိုလ် (ရန်ကုန်) ဒုတိယပါမောက္ခချုပ်၊ ဆေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့်သုတေသနအရာရှိများ၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း(ပုသိမ်မြို့)ကျောင်းအုပ်၊ ထားဝယ်ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမကြီး၊ ခုတင်(၅၀၀)အထူးကုဆေးရုံကြီး(ရန်ကုန်)မှ သူနာပြုဆရာမကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး သူနာပြုနီးနွယ်ကွင်းဆင်းလေ့ကျင့်သင်တန်းကျောင်း တွဲဖက်တာဝန်နှင့် တာဝန်ခံသူနာပြုဆရာမကြီးတို့က သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းခဲ့ကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဝန်ထမ်းပင်စင်စားများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရန်အတွက် စားအုန်းဆီများ ရောင်းချပေးလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီ အိမ်တိုင်ရာရောက် ဖြန့်ဖြူးရေးကော်မတီသည် ဆီစားသုံးသူပြည်သူများ အဆင်ပြေစွာ ဝယ်ယူစားသုံးနိုင်ရန် စားအုန်းဆီများကို အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းများ၊ စက်မှုဇုန်များမှ ဝန်ထမ်းများ၊ လုပ်သားများနှင့် ဘုန်းကြီးကျောင်းများကိုလည်း အဆင်ပြေစွာ ဝယ်ယူစားသုံးနိုင်ရန် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးဘဏ်ခွဲ ကိုးခု၌ ပင်စင်ထုတ်ယူလျက်ရှိသော နိုင်ငံ့ဝန်ထမ်းပင်စင်စားများ လွယ်လင့်တကူဝယ်ယူစားသုံးနိုင်ရန်အတွက် စားအုန်းဆီရောင်းချပေးလျက်ရှိပြီး ဇန်နဝါရီလ ၂၄ ရက်အထိ လေးရက်တိုင် ရောင်းချပေးသွားမည်ဖြစ်ကာ တစ်ဦးလျှင် သုံးပိဿာအထိ ဝယ်ယူနိုင်ကြောင်း သိရသည်။

ဇော်မင်းလတ်-MNA



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆˚င | / | ၃၁˚င |
| ရန်ကုန် | ၁၈˚င | / | ၃၃˚င |
| မန္တလေး | ၁၇˚င | / | ၃၃˚င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ၂၀၂၅ ခုနှစ် ဇန်နဝါရီလ တတိယ (၁၀) ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ကာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အောက်လျော့နည်းနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် သုံးရက်မှ ခြောက်ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၃ လက်မခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ပေဝက်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ လက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ၃ လက်မခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ လက်မခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ပေဝက်ခန့်စီ၊ ပုသိမ်မြို့တွင် ၂ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်ခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၃ လက်မခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ပေဝက်ခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

(မိုး/ဇလ)

# ၂၀၂၅ ခုနှစ် ဇန်နဝါရီလ တတိယ (၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ကာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၆ ဒီဂရီဖာရင်ဟိုက်မှ ၉၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၄ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄၅ ဒီဂရီဖာရင်ဟိုက်မှ ၅၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅၆ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၇ ရာခိုင်နှုန်းမှ ၆၈ ရာခိုင်နှုန်းအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၉ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၂ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၉ မီလီမီတာမှ ၂၉ မီလီမီတာအတွင်း၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၃၀ မီလီမီတာမှ ၄၀ မီလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၄၁ မီလီမီတာမှ ၅၂ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

(မိုး/ဇလ)

➤ **ကျောဖုံးမှအဆက်**

တစ်ဂိုးစီသရေကျခဲ့သည်။

ဒုတိယနေရာမှ ဟံသာဝတီယူနိုက်တက်အသင်း သရေကျခဲ့သဖြင့် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းသည် ကိုးမှတ်ဖြတ်ဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံဆုကာကွယ်နိုင်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။

နှစ်သင်းစလုံးပြည်တွင်းကစားသမားများဖြင့်ဖွဲ့စည်းထားပြီး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာသလို နာမည်ကြီးနှစ်ဦးဖြစ်သည့် ဦးမျိုးမင်းထွန်း (ဟံသာဝတီ) နှင့် ဦးမင်းထွန်းလင်း (ဒဂုံစတား) တို့၏ အားပြိုင်မှုကိုလည်း တွေ့မြင်ခဲ့ရသည်။ ပွဲစကတည်းက နှစ်သင်းစလုံးတိုက်စစ်အားပြိုကစားခဲ့သောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၃၃ မိနစ်တွင် အောင်သီဟက ဒဂုံစတားယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူကာ ပထမပိုင်းအပြီးတွင် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းက ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းလာရာ ၆၂ မိနစ်တွင် ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး အောင်မြတ်သူက ကန်သွင်းရာ ဒဂုံစတားဂိုးသမား ဇင်ညီညီအောင် ကာကွယ်နိုင်ခဲ့သော်လည်း အောင်မြတ်သူက ထပ်ဆင့်ပိတ်သွင်းခဲ့သဖြင့် ချေပဂိုးရခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟံသာဝတီယူနိုက်တက် တိုက်စစ်မှူး အောင်မြတ်သူက ရရှိသည်။

ပွဲစဉ် (၁၆) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၆ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ဟံသာဝတီယူနိုက်တက်အသင်းက ၃၇ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၃၅ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၃ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၇ မှတ်၊ ရတနာပုံအသင်းက ၂၂ မှတ်၊ မဟာယူနိုက်တက်အသင်းက ရမှတ် ၂၀၊ Dagon Port အသင်းက ၁၅ မှတ်၊ သစ္စာအားမာန်အသင်းက ၁၄ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၁ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ခြောက်မှတ်၊ မြဝတီအသင်းက ငါးမှတ်ရရှိထားသည်။

သတင်း-ရဲရင့်လွင်

ဓာတ်ပုံ-MNL

**အကြမ်းဖက်မှုပပျောက်ရေးအတွက်
ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်ဝက်ဘာသာရပ်ပေါင်းစုံအားကစားပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၀ ရက်က အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်နွဲ့အေးနှင့် တာဝန်ရှိသူများက ဘာသာရပ်ပေါင်းစုံအားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဆုရရှိခဲ့သည့် သင်္ချာဌာနအသင်း၊ ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ဘာသာရပ်ပေါင်းစုံဌာန ၁၄ ခုမှ ကျောင်းသား၊ ကျောင်းသူများအားဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါဘာသာရပ်ပေါင်းစုံအားကစားပြိုင်ပွဲများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲများသို့ ဘာသာရပ်ပေါင်းစုံ ဌာန ၁၄ ခုမှ ဘောလုံးပြိုင်ပွဲဝင်အသင်း ၁၁ သင်း၊ ပိုက်ကျော်ခြင်းနှစ်ယောက်တွဲပြိုင်ပွဲဝင်အသင်း ရှစ်သင်း၊ သုံးယောက်တွဲပြိုင်ပွဲဝင်အသင်း ရှစ်သင်း၊ လေးယောက်တွဲပြိုင်ပွဲဝင်အသင်း ခုနစ်သင်း၊ ကြက်တောင်ရိုက်အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲဝင်အသင်း ၁၀ သင်း၊ တစ်ဦးချင်းပြိုင်ပွဲတွင် ကစားသမား ၂၃ ဦး၊ ကြက်တောင်ရိုက် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲဝင် ၁၀ သင်း၊ တစ်ဦးချင်းပြိုင်ပွဲတွင် ကစားသမား ၂၂ ဦး၊ ဘော်လီဘောပြိုင်ပွဲ အမျိုးသားပြိုင်ပွဲဝင် ခြောက်သင်း၊ အမျိုးသမီးပြိုင်ပွဲဝင် ငါးသင်းနှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲ ၁၁ မျိုးတွင် ပြိုင်ပွဲဝင် ၁၂၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာစေရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်လာနိုင်ရန်၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်လာစေရန်ရည်ရွယ်၍ အားကစားပြိုင်ပွဲများ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)




# တောင်တွင်းကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ (မထီစံပြ)၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

တောင်တွင်းကြီး ဇန်နဝါရီ ၂၁

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၂၀ ရက်က အခြေခံပညာ အထက်တန်းကျောင်းခွဲ (မထီစံပြ) ၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အားလပ်သည့်အချိန်များတွင် စာအုပ်စာပေများ လေ့လာကြရမည်ဖြစ်ကြောင်း၊ ပညာလို အိုသည်မရှိဆိုသည့်အတိုင်း ပညာတတ်မြောက်မှသာ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်မည်ဖြစ်ကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နေ့စဉ်စာဖတ်ရာတွင် သုတ၊ ရသပညာရပ်ပေါင်းစုံကို ဖတ်ရှုလေ့လာကြရန်လိုအပ်ကြောင်း၊ စာဖတ်ခြင်းဖြင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားကိုးအားထားပြုရမည့် သားကောင်း၊ သမီးကောင်းပညာရှင်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း အသိပညာပေးပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ရန်နောင်(ဗိဿနိုးမြေ)

# ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ပင်းတယ ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီလ ၂၀ ရက်က လေထိုးကုန်းကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လွင်ဦး၊ ပင်းတယမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်နှင့် အင်ဂျင်နီယာဝန်ထမ်းများက လေထိုးကုန်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ဘက်စုံသုံးခန်းမဆောင်သည် အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိပြီး ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းခွင့်ပြုငွေ ငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် ၂ ဒသမ ၉၃ သန်း အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကာရံ(ကျေးလက်)

# အသက်မွေးဝမ်းကျောင်းပညာအထောက်အကူပြု ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်အမျိုးမျိုးပြုလုပ်နည်းသင်တန်းဖွင့်လှစ်



စဉ့်ကိုင် ဇန်နဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းအဆင်ပြေစေရန်၊ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိပြီး စီးပွားရေးအဆင်ပြေစေရန်၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစေရန် ရည်ရွယ်ပြီး ဆပ်ပြာဆီအမျိုးမျိုးနှင့် ခေါင်းလျှော်ရည်အမျိုးမျိုးပြုလုပ်နည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၂၀ ရက်က အုန်းလက်ကောက်ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မီမီအောင်က အဖွင့်အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြဆရာမ ဒေါ်နွယ်နီအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းတွင်ပို့ချမည့် သင်ခန်းစာများအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အုန်းလက်ကောက်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ကျောက်ဆည်ခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြဆရာမများက စာတွေ့လက်တွေ့ သင်ကြားပေးကြသည်။ အဆိုပါသင်တန်းတွင် သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇန်နဝါရီလ ၂၀ ရက်မှ ၂၉ ရက်အထိ ဖြစ်ကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


""အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း""
NAY PYI TAW
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
NAYPYITAW


သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး BLACK TEA (နောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။
ရွှေဖီဦး
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇန်နဝါရီ ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၂၀ ရက်တွင်** စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Pajero မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ Lugong Wheel Loader ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၀၀၀၀၀)ကို မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃ ၆၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၆၄၄)တန်၊ သစ်မာ (သုည ဒသမ ၅၈၈)တန်၊ အခြားသစ် (သုည ဒသမ ၃၃၅)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၇၅၂၇၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မုံရွာမြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးနှင့် မန္တလေးမြို့မှ ဖားကန့်မြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၉)မျိုး၊ စားသောက်ကုန်ပစ္စည်း(၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၉၈၈၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး၊ စက်မှုဇုန်ထုတ် HMA Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၁၉၅၃၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MAN Tractor Head (၁)စီးနှင့်နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ တာချီလိတ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးနှင့် တာချီလိတ်မြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၉)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၉၇၇၃၀၄)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီးနှင့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်သားမြို့၊ မြို့အဝင် စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၂၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၃၅၁၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၁၂၇၃၀၈၆၄)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောက်ဥက္ကလာပမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်(၃)စီး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၂၁ ရက်တွင်** မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၄)စီးနှင့်မော်တော်ဆိုင်ကယ် (၄)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပေါင်မြို့၊ ခလောက်အင်းရပ်ကွက်၌ တရားမဝင်ကျွန်းသစ်(၁၅ ဒသမ ၆၅၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၉၂၈၂၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၄၉၂၈၂၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၈)မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၀၅၉၈၉၅၈)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

# သာစည်မြို့နယ်တွင် ငွေကျပ်သိန်း ၉၄၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီလ ၁၈ ရက်နေ့ ၁၃၃၀ အချိန် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ယင်းမာပင်ကျေးရွာအုပ်စု ယင်းမာပင်ကျေးရွာမှ ကျွဲတပ်ဆုံကျေးရွာသွား တောလမ်းတွင် ဇော်လှိုင်မောင်းနှင်ပြီး ဖြိုးနောင်(ခ)မောင်စောင်း လိုက်ပါလာသည့် HIJET မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှဒေသကာလတန်ဖိုးငွေကျပ် ၉၄၇၉ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၇ ကီလို၊ ကတ်တမင်း ၉၅၀ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀ ပြားနှင့် ဘိန်းဆီခဲ ၉ ဒသမ ၃၆ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ၁၄၃၀ အချိန် သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား သယ်ဆောင်ခိုင်းသည့် အောင်သူဟိန်း(ခ) အောင်သူနှင့် ခင်မောင်စိုး(ခ)ဖိုးသားတို့အား သာစည်မြို့နယ် ဘုရားငါးဆူလမ်းဆုံအနီးတွင် ဆိုင်ကယ်တစ်စီးနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ဇော်လှိုင် ၄၈ နှစ်၊ ဖြိုးနောင်(ခ)မောင်စောင်း ၂၄ နှစ်၊ အောင်သူဟိန်း(ခ) အောင်သူ ၂၈ နှစ်နှင့် ခင်မောင်စိုး(ခ) ဖိုးသား ၂၆ နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၀)

# ရန်ကုန်မြို့ရှိ အမျိုးသားအဆောင်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့များက ဝင်ရောက်စစ်ဆေးကာ ငွေညှစ်ဖမ်းဆီးခြင်းများပြုလုပ်ခဲ့ကြောင်း မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့အတွင်းရှိအမျိုးသားအဆောင်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ညှော်စာရင်းအကြောင်းပြ၍ ဝင်ရောက်ဖမ်းဆီးခြင်းများပြုလုပ်နေပြီး ဇန်နဝါရီလ ၁၆ ရက်နေ့ ညပိုင်းက မြို့လယ်ရှိ အဆောင်တစ်ခုကို ဝင်ရောက်စစ်ဆေး၍ ငွေမပေးနိုင်သူများကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများမဟုတ်မမှန်ရေးသားထုတ်လွှင့်လျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများအား ဥပဒေမဲ့ဖမ်းဆီးခြင်း၊ ငွေကြေးကောက်ခံခြင်းများမရှိကြောင်း၊ ရန်ကုန်မြို့အတွင်း အကြမ်းဖက်သမားများတရားမဝင် ခိုအောင်းဝင်ရောက်၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းမရှိစေရန်အတွက် လုံခြုံရေးပူးပေါင်းအဖွဲ့များသည် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျစစ်ဆေးရှာဖွေခြင်းများသာလုပ်ဆောင်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် အဆိုပါနယ်မြေအတွင်း လုံခြုံရေးပူးပေါင်းအဖွဲ့များ၏ နေ့ညမပြတ်စစ်ဆေးရှာဖွေခြင်းများကြောင့် ဝင်ထွက်သွားလာနိုင်ရန်အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ လွယ်ကူစွာဝင်ထွက်သွားလာနိုင်ရန်နှင့် ပြည်သူလူထုမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ဖြစ်စဉ်ဖြစ်ရပ်ကိုက်ညီမှုမရှိသည့် သတင်းမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

(၁၀၀)

## မြို့နယ်အတွင်း မီးလောင်မှုမဖြစ်ပေါ်စေရေး မီးဘေးလုံခြုံရေး အသိပညာပေး

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပေါ်စေရေး၊ ဖြစ်ပေါ်ပါက အမြန်ဆုံးမီးငြိမ်းသတ်နိုင်ရေးနှင့် မီးလောင်မှု လျော့နည်းစေရေးအတွက် မြို့နယ်အတွင်းရှိ ဈေးများ၊ ဆိုင်များ၊ ရပ်ကွက်များ၊ ဌာနဆိုင်ရာရုံးများနှင့် ကျောင်းများတွင် အသိပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ ၂၀ ရက်က အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမတွင် အသိပညာပေးဟောပြောခြင်း၊ကျောင်းဝင်းအတွင်း၌ သရုပ်ပြခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်သည်။

ရှေးဦးစွာ ပုဇွန်တောင်မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးငြိမ်းချမ်းက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်/ရှောင်ရန်အချက်များ၊ မီးသတ်ဆေးဘူး ထိန်းသိမ်းထားသိုနည်းများ၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုပုံနှင့်အသုံးဝင်ပုံများ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်ပါက အရေးပေါ်ဆောင်ရွက်ရမည့်နည်းလမ်းများ၊ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို အသိပညာပေးဟောပြောသည်။ ယင်းနောက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းနှင့်ပတ်သက်၍ အရေးပေါ်မီးလောင်မှုဖြစ်ပေါ်ပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း၊ ဂက်စ်မီးဖိုအသုံးပြုသူများအနေဖြင့် မီးလောင်မှုဖြစ်ပေါ်ပါက အရေးပေါ်မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးမရရှိနိုင်သည့်အခါ ရေစိုအဝတ်ဖြင့် အောက်ဆီဂျင်ဖြတ်တောက်၍ မီးငြိမ်းသတ်နည်းများ လက်တွေ့သရုပ်ပြပြီး တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကိုယ်တိုင်ပါဝင်ကာ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်သည်။

အဆိုပါမီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ သရုပ်ပြခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်ကျော်လွင်၊ အဖွဲ့ဝင်(၂) ဦးမင်းဇော်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဟန်စုယဉ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးပြည့်ဖြိုးအောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းမြိုင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ဟန်စုယဉ်

## ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးစေရန် လူငယ်စကားဝိုင်းဆွေးနွေးပွဲကျင်းပ



အောင်လံ ဇန်နဝါရီ ၂၁

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးစေရန်နှင့် အသိပညာဗဟုသုတကြွယ်ဝစေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၂၀ ရက်က အောင်လံမြို့ အခြေခံပညာအထက်တန်းကျောင်း (ရွှေထောင်) ရွှေရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်း(ရွှေထောင်) ကျောင်းအုပ်ဆရာကြီး ဦးစိုးသန့်မိုးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်လင်းလင်းက ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများဖတ်ရှုကြရေး၊ စာပေလေ့လာခြင်းဖြင့် အသိပညာများဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များဖြစ်လာစေရေး အတွက် အသိပညာပေးပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ Grade-10 ကျောင်းသား မောင်ဖြိုးမင်းကျော်က လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ Grade-10 ကျောင်းသူ မရည်မွန်အောင်က လူငယ်နှင့်အောင်မြင်ရေးပန်းတိုင်၊ Grade-10 ကျောင်းသူ မဖူးပြည့်သဇင်က လူငယ်နှင့်ကြီးပွားရေး၊ Grade-10 ကျောင်းသား မောင်သာထက်စံက လူငယ်နှင့်သတ္တိခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆင့်ပွားအကြိမ် ထုတ်ချေးပေး

မင်းဘူး ဇန်နဝါရီ ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မကျီးချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ဆင့်ပွားအကြိမ်အဖြစ် ဇန်နဝါရီလ ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်းထုတ်ချေးပေးကြောင်း သိရသည်။


ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာအုပ်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဥပဒေ၊ နည်းဥပဒေများအကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မကျီးချောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးအတွက် ငွေကျပ် ၁၈၀ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦးအတွက် ငွေကျပ် သိန်း ၁၂၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးအတွက် ငွေကျပ် ၃၂ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးအတွက် ငွေကျပ် ၃၃၂ ဒသမ ၅ သိန်းကို တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

### မိုးလေဝသ သတင်း




## ကျိုက်မရောမြို့နယ်၌ စာပေ၏အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြော

ကျိုက်မရော ဇန်နဝါရီ ၂၁

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာပေ၏အကျိုးကျေးဇူးများ အကြောင်း အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီလ ၂၀ ရက်က ဘိန်းဗျောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက ကျောင်းသားလူငယ်များ အသိပညာဗဟုသုတတိုးတက်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး စာပေလေ့လာဖတ်ရှုသည့်အလေ့အကျင့်ကောင်းများရှိစေရန် ရည်ရွယ်၍ ဟောပြောပွဲကျင်းပရခြင်းဖြစ်ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာကြည့်တိုက်များ အသုံးပြုတတ်စေရန် စာပေ၏အကျိုးကျေးဇူးများ အကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် ဘိန်းဗျောကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီးဦးသန်းစိန်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းအသိပညာပေးစာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

❖ ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့်နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်. . .

❖ "ပညာတတ်"နိုင်ငံသားများဆိုသည်မှာ "အရည်အချင်း"ကို ဆိုလိုပြီး "အများဆုံး" ရှိသည်ဆိုသည်မှာ "အရေအတွက်" ကိုဆိုလို . . .

❖ မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များ အရေအတွက်အများကြီးရှိသည့်နိုင်ငံဖြစ်လာရန်လိုအပ်. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထိခိုက်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။



# MNL ပြိုင်ပွဲတွင် ဒဂုံစတားယူနိုက်တက်နှင့် ဟံသာဝတီယူနိုက်တက် တစ်ဂိုးစီသရေကျ

ရန်ကုန် ဇန်နဝါရီ ၂၁

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၆) နောက်ဆုံးနေ့ကို ယနေ့တွင် YUSC ကွင်း၌ ဆက်လက်ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။

ထိပ်ဆုံးသုံးသင်းစာရင်းဝင်ရန်အတွက် အရေးပါသည့်ပွဲတွင် ဒုတိယနေရာမှ ဟံသာဝတီအသင်းနှင့် စတုတ္ထနေရာမှ ဒဂုံစတားအသင်းတို့

စာမျက်နှာ ၂၆ ကော်လံ ၁ ➤

## ဇန်နဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင်ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇန်နဝါရီ ၂၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean) ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေသို့ ရောက်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ဇန်နဝါရီလအတွင်း အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်း၊ ညအပူချိန်များအနည်းငယ်လျော့နည်းခြင်းနှင့် မိုးရွာသွန်းမှုမှုမမှန်ခြင်း စသည့်ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။ (မိုး/ဇလ)

## ၂၁-၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၄၁၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

### ဆောင်းပါး

မြတ်နိုးဖွယ်ရာ မြန်မာ့ယဉ်ကျေးမှုနှင့် ရိုးရာစလေ့ အစားအစာများ စာ - ၁၃ သို့

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက် စာ - ၂၂ သို့

